# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက် တနင်္ဂနွေနေ့။ Sunday, 28 June 2026 ၁၂၂၃


## ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများအကြား ခိုင်မာသည့် ကုန်ထုတ်လုပ်မှုကွင်းဆက်ကွန်ရက်တစ်ခုဖြစ်ပေါ်လာအောင် ချိတ်ဆက်ပေးကြရန်လို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဇွန် ၂၇

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့(World MSME Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫



နိုင်ငံတော်အစီအစဉ်ဖြင့် ပေးပို့သည့် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပူတာအိုမြို့သို့ ရောက်ရှိစဉ်။

## နိုင်ငံတော်အစီအစဉ်ဖြင့် ပေးပို့သည့် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပူတာအိုမြို့သို့ ထပ်မံရောက်ရှိ

ပူတာအို ဇွန် ၂၇

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် နိုင်ငံတော်အစီအစဉ်ဖြင့်ပေးပို့လာသော ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများကို မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုကားလမ်းမကြီးအတိုင်း တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးသည် ယမန်နေ့ညနေပိုင်းက ပူတာအိုမြို့သို့ ရောက်ရှိလာသည်။

စာမျက်နှာ ၆ ကော်လံ ၅ သို့ ✳

**လူငယ်လူရွယ်ထုအတွင်း ခြိမ်းခြောက်အန္တရာယ်ပေးနေသော မူးယစ်ဆေးဝါး**

ဆောင်းပါး စာမျက်နှာ » ၇

**(၁၆)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်း**

စာမျက်နှာ » ၈

## ယနေ့မိုးလေဝသ

(၂၈-၆-၂၀၂၆)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်** ➡ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ⬅ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်** ➡ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## မင်းလှမြို့နယ်၌ သုတဓမ္မဒီပလိုမာ စာမေးပွဲဖြေဆို

မင်းလှ ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပညာဘူမိတက္ကသိုလ် (University Of Wisdom Land)မှ ကြီးမှူးကျင်းပသည့် သုတဓမ္မဒီပလိုမာစာမေးပွဲ ပဲခူးစာဖြေဌာန(၅)ကို အမှတ်(၆)ရပ်ကွက် သာသနာ့ဗိမာန်တော်ကြီးတွင် ယနေ့မွန်းလွဲပိုင်းက BA-3၊ Level -1 အဆင့်စာမေးပွဲကို ဖြေဆိုကျင်းပသည်။

စာမျက်နှာ ၆ ကော်လံ ၅ သို့ ❂



## သဲကုန်းမြို့နယ်၌ မိုးစပါး ဧက ၈၂၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

သဲကုန်း ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ဒေသတွင်းစားရေရိက္ခာ ဖူလုံစေရန်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မိုးစပါးဧက ၈၂၆၁၀ စိုက်ပျိုးသွားရန်လျာထားကြောင်း သိရသည်။

သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိုးစပါးစိုက်ဧကများကို မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက

စာမျက်နှာ ၆ ကော်လံ ၅ သို့ ❖



ကြေးမုံ

# အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု အစဉ်အလာများဖြင့် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ခဲ့ကြသည်။ ထိုစဉ်ကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် မြင့်မားထည်ဝါစွာ နေထိုင်ခဲ့ကြသည်။ နန်းမူနန်းဟန် အနုသုခုမဗိသုကာလက်ရာများကို ပြောင်မြောက်စွာ ပုံဖော်တည်ဆောက်ခဲ့ကြသည်။ ထို့ကြောင့် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံဖြစ်သည်ဟု အခိုင်အမာညွှန်းဆိုနိုင်သည်။ တန်ဖိုးမဖြတ်နိုင်သော အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ နှစ်ပေါင်းထောင်ချီ ရှင်သန်ထွန်းကား တည်တံ့ခိုင်မြဲလျက်ရှိသည်။

ရှေးနှစ်သန်းပေါင်းများစွာကတည်းက ပေါ်ထွန်းခဲ့သည့် လူသားမျိုးနွယ်၏ အစောဆုံးမူလအစ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် သမိုင်းမတင်မီခေတ်များသည်လည်း မြန်မာ့မြေပေါ်တွင် တစ်ဆက်တစ်စပ်တည်း ဖြစ်တည်ပေါ်ပေါက်လာခဲ့သည်။ သမိုင်းတင်ခေတ်တွင် ပျူခေတ်ယဉ်ကျေးမှုပေါ်ထွန်းခဲ့ပြီး ရှေးပျူမြို့ဟောင်းများ ထွန်းကားခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာစသည့် ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်အဖြစ် UNESCO ၏ အသိအမှတ်ပြုခြင်းခံထားရသည်။ ပျူခေတ်နောက်ပိုင်းတွင် ထွန်းကားခဲ့သည့် ပုဂံခေတ် ဗိသုကာလက်ရာများသည် ထူးခြားမြင့်မားလှပြီး အနုပညာနှင့် ဗိသုကာလက်ရာများကို ကိုယ်ပိုင်ဟန်ဖြင့် လက်ရာမြောက်အောင် ဖန်တီးခဲ့ကြသည်ကို ယနေ့တိုင် တွေ့မြင်နိုင်သည်။

ပုဂံခေတ် ဗိသုကာပညာများ၊ နံရံဆေးရေးပန်းချီနှင့် ရေစီမံခန့်ခွဲမှုများသည် ထိုခေတ်က တီထွင်ဖန်တီးနိုင်မှုနှင့် အဆင့်အတန်းမြင့်မားမှုများကြောင့် ၂၀၁၉ ခုနှစ်တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်နယ်မြေသည် UNESCO ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ထို့အပြင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ ပုံပြင်၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ဆယ့်နှစ်လရာသီပွဲတော်များသည် တိုင်းရင်းသားလူမျိုးစုအားလုံးတွင်လည်း သူ့အစဉ်အလာနှင့်သူ ကိုယ်ပိုင်ယဉ်ကျေးမှုများအဖြစ်ရှိနေသည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ပါရာဂွေးနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို UNESCO ၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ဆက်လက်၍ မြန်မာ့သနပ်ခါးယဉ်ကျေးမှုကို UNESCO သို့ တင်ပြထားပြီး မြန်မာ့ထမနဲကိုလည်း ဆက်လက်တင်သွင်းရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် တန်ဖိုးကြီးမားသော ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ အမြောက်အမြားရှိနေသေးသည်။ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့်ဂုဏ်ဒြပ်နှင့် ယဉ်ကျေးမှုလက္ခဏာအစဉ်အလာများနှင့် အမျိုးသားရေးစံနှုန်းများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးကို မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီက အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကော်မတီအနေဖြင့် မူဝါဒချမှတ်ပေးခြင်း၊ ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲရှိပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ဥပဒေ၊ နည်းဥပဒေများကို ပြည်သူများအား ချပြရှင်းလင်း အသိပညာပေးရန် လိုအပ်မည်ဖြစ်သည်။ ဆိုရှယ်မီဒီယာများနှင့်အတူပါလာသည့် တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးမလာစေရန် ထိန်းသိမ်းကာကွယ်ရန် လိုအပ်သကဲ့သို့ မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ၊ တိုင်းရင်းသားရိုးရာအကနှင့် ဂီတယဉ်ကျေးမှုအနုပညာရပ်များကို ထိန်းသိမ်းနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို အနှစ်သာရရှိရှိ အဓိပ္ပာယ်ပြည့်ပြည့်ဖြင့် နှစ်စဉ်ကျင်းပပေးခဲ့သည်မှာ ငွေရတုကို ကျော်လွန်လာခဲ့ပြီဖြစ်သည်။ လူငယ်များအနေဖြင့် တိုင်းတစ်ပါးယဉ်ကျေးမှုအပေါ် နှစ်သက်မြတ်နိုးပြီး မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို အလေးမထားဘဲ ပစ်ပယ်လာကြမည်ဆိုပါက အမျိုးသားရေးစိတ်ဓာတ်များ လျော့ပါးလာကြမည်ဖြစ်ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ခေါင်းပါးလာမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံဖြစ်ပြီး ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ပေါများသောနိုင်ငံဖြစ်သောကြောင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံအတွက် ကောင်းမွန်သောပုံရိပ်များဖြစ်သောကြောင့် နိုင်ငံသားအားလုံးက အလေးအနက်ထားပြီး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ကျောက်တန်းမြို့နယ်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတက်ရောက်နိုင်ရေး အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၄ ရက်က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း မော်ဝန်းရတနာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ သန်လျင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာသိန်းသိန်းဦးက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း တက်ရောက်လျှင် ရရှိနိုင်သည့်အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ဟောပြောကာ တက်ရောက်လာသော ကျောင်းသားကျောင်းသူများက သိရှိလိုသည်များမေးမြန်းခဲ့ကြကြောင်း သိရသည်။ **သန့်ဇင်ထွန်း**

## ကလောမြို့၌ တက်နေဝန်းသမဝါယမအသင်း(လီမိတက်) အစည်းအဝေးကျင်းပ

ကလော ဇွန် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မြို့လယ်ဓမ္မာရုံ၌ ဇွန် ၂၅ ရက်က တက်နေဝန်းအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း(လီမိတက်)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ကျင်းပသည်။

ဦးစွာ တက်နေဝန်းအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း(လီမိတက်)မှ သဘာပတိ ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီအောင်နှင့်မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်ထွန်းတို့က အသင်း၏လုပ်ဆောင်ချက်များနှင့် ဥပဒေ၊ နည်းဥပဒေများအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသင်းအတွက် အသင်းအမှုဆောင်အဖွဲ့အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းတင်ပြရာ အသင်းသားများ၏ ဆန္ဒသဘောထားရယူ၍ အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သာယာဝတီမြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်းနှစ်ပတ်လည် အစည်းအဝေးကျင်းပ

ပဲခူး ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ပန်းကန်စက်ရုံ အမှတ်(၂) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ သဘာပတိ ဒေါ်ကြည်ကြည်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းအောင်က သမဝါယမအသင်း၏ ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားရှင်းလင်းတင်ပြရာ သဘာပတိက အသင်းသားများ၏ ဆန္ဒသဘောထားရယူ၍ အတည်ပြုကြေညာပေးခဲ့ပြီး အသင်းသားများကို စုဆောင်းငွေပေါ်အတိုးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုးညိုမြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြော

မိုးညို ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို ဇွန် ၂၅ ရက်က ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးက မိုးညိုပြည်သူ့ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသနေသည့် လူနာများနှင့် လူနာစောင့်များ စုစုပေါင်း ၂၇ ဦးအား သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နိုင်ရန် အချက်များနှင့် ရောဂါဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး လာရောက်ပြသနိုင်ရေးတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၂၇

ယနေ့မွန်းလွဲ ၁ နာရီ ၃၄ မိနစ် ၀၆ စက္ကန့်တွင် နမ့်စန်မြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၆၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မောက်မယ်မြို့၏ အရှေ့တောင်ဘက် ၁၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၈၆ ဒီဂရီ၊ အနက် ၇ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ကြည့်မြင်တိုင်မြို့နယ်၌ သမ္ဗန်ဆိပ်များ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညီညီနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် ဇွန် ၂၅ ရက်က ကြည့်မြင်တိုင်မြို့နယ် ဗားကရာသမ္ဗန်ဆိပ်နှင့် ကျောက်တံတားသမ္ဗန်ဆိပ်တို့တွင် သမ္ဗန်များ လိုင်စင်စည်းကမ်းများနှင့်အညီ စနစ်တကျပြေးဆွဲရေး၊ သမ္ဗန်များပေါ်၌ Life Jacket များ လုံလောက်စွာထားရှိရန်နှင့် သမ္ဗန်ဆိပ်များ၌ စနစ်တကျဆိုက်ကပ်ရန်တို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ခိုင်ဇာလင်း(ပြန်/ဆက်)

## ၂၇ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

☆ ရွှေဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များ၊ MSME လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဟူသည့် ဆောင်ပုဒ်အတိုင်း စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြမ်းအခြေပြု MSME ကုန်ထုတ်လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင်အများဆုံး ဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်း စီးပွားရေးလည်ပတ်မှုကိုလည်း ပိုမိုအားကောင်းစေပြီး ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်အောင် တိုက်ရိုက် အထောက်အကူပြုနေသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် MSME များသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် ကမ္ဘာ့စီးပွားရေးမဏ္ဍိုင်နှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများတွင် အရေးပါလှသည့် MSME လုပ်ငန်းများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၇ ခုနှစ် ဧပြီလ (၆)ရက်နေ့ ကုလသမဂ္ဂ၏ အထွေထွေညီလာခံ အစည်းအဝေးတွင် နှစ်စဉ် ဇွန်လ(၂၇)ရက်နေ့ကို **"World MSME Day"** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

### MSME စီးပွားရေး လုပ်ငန်းများကို အားပေးမြှင့်တင်

MSME ကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုစသည့် လုပ်ငန်းများအားလုံးပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ Healthy & Happy စားသောက်ကုန် (အသေးစား)လုပ်ငန်းအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးမှ သလ္လာဝတီကုမ္ပဏီလီမိတက်စားသောက်ကုန် (အလတ်စား)လုပ်ငန်းအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်နှင့် မိမိတို့နိုင်ငံ၏ အခြေခံကျောရိုးဖြစ်သည့် MSME ကဏ္ဍကို အရှိန်အဟုန်မြှင့် အားပေးဆောင်ရွက်ရန်အတွက် **"စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"**ကို မိမိတို့အစိုးရသစ်တွင် စတင်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME ကဏ္ဍကို စနစ်တကျဖြင့် ပြောင်းမြောက်စွာ တိုးတက်စေချင်သည့် နိုင်ငံတော်၏ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် သန္နိဋ္ဌာန်ကို ပြသခြင်းပင်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးမှုအပိုင်း၌ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းနှင့် GDP ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂ၏ အချက်အလက်များအရ လေ့လာသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME လုပ်ငန်းများဖြစ်နေပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်မှုအနေဖြင့် ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့်အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှုမြင်ပြီး အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ယင်းနေရာတွင် အလေးအနက်မှာကြားလိုသည်မှာ ကုန်ထုတ်လုပ်မှုကဏ္ဍ အဆင်ပြေချောမွေ့ပြီး MSME ကဏ္ဍ စဉ်ဆက်မပြတ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် ရှမ်းပြည်နယ်မှ ခိုင်မေတ္တာဆေးရုံ ကျန်းမာရေးဝန်ဆောင်မှု (အလတ်စား)အား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန်ချိတ်ဆက်နေသည့် အဓိကမဏ္ဍိုင်ကြီး (၄)ရပ်ဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်တို့ တိုးတက်မြင့်မားအောင် ကြိုးစား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ MSME လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း စိန်ခေါ်မှုများစွာရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကများအနေဖြင့် တစ်ဦးချင်း လုပ်ဆောင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်သည့် စနစ်၊ စိတ်တူသဘောတူများ သမဝါယမပုံစံနှင့် လုပ်ဆောင်ခြင်းဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း။** စာမျက်နှာ ၄ သို့ ☆

☆ **မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ MSME လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း စိန်ခေါ်မှုများစွာရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကများအနေဖြင့် တစ်ဦးချင်းလုပ်ဆောင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်သည့် စနစ်၊ စိတ်တူသဘောတူများ သမဝါယမပုံစံနှင့် လုပ်ဆောင်ခြင်းဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်**

☆ စာမျက်နှာ ၃ မှ

ကုန်ကြမ်းအနေဖြင့် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်း၌ အလွယ်တကူရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အပြည့်အဝ အသုံးချကြရမည်ဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်သည့် စက်သုံးဆီ၊ လျှပ်စစ်မီး၊ မြေသြဇာနှင့် ကုန်ထုတ်လုပ်မှု စက်ကိရိယာ အစိတ်အပိုင်းများကို လည်း သင့်တော်သည့် နည်းလမ်းများဖြင့် တီထွင်ကြံဆပြီး လုပ်ဆောင်ကြရန်လိုကြောင်း၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှု စရိတ်စကများကို ဖြစ်နိုင်သမျှ လျှော့ချပေးနိုင်ရန်နှင့် ကုန်ထုတ်စွမ်းအားကို ပိုမိုတိုးတက်လာရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများကို ဖြည့်ဆည်းပေးနိုင်ရေး ကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများက အထူးအလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့(World MSME Day) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး လုပ်ကိုင်နေကြသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်းရှိ MSME လုပ်ငန်းများအတွက် အလွယ်တကူ ရရှိနိုင်သည့် သဘာဝသယံဇာတနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုသည့် ကုန်ထုတ်လုပ်မှုကို အဓိကတွန်းအားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သာမန်လုပ်ရိုးလုပ်စဉ် စိုက်ပျိုးမွေးမြူထုတ်ကုန်များကို မူလကုန်ကြမ်းအခြေအနေအတိုင်း ရောင်းချမှုအဆင့်မှ ခေတ်မီနည်းပညာများ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြောင်းလဲထုတ်လုပ်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဦးညိုစော ထူးချွန်အဆင့်(၂) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ထူးချွန်အဆင့်(၂) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။

**သွင်းကုန်အစားထိုးခြင်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်**

ပြည်ပမှ တင်သွင်းနေရသည့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ပါက အများစုသည် မိမိတို့နိုင်ငံ၌လည်း ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အခြေခံထားသည်ကိုတွေ့ရကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် ကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး အရည်အသွေးမီ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ကုန်ချောတင်သွင်းနေရမှုကို လျှော့ချနိုင်မည့်အပြင် သွင်းကုန် အစားထိုးခြင်းကိုလည်း လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

**မိမိတို့၏ မျှော်မှန်းချက်သည် Agro-based Industry ထူထောင်နိုင်ရေးဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသက်သက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် မလွယ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောကုန်ထုတ်လုပ်မှုမှနေ၍ စက်မှုလုပ်ငန်းများကို MSME နှင့် မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဝါးကိုအခြေခံပြီး စက္ကူ၊ ပျော့ဖတ်၊ အထည်နှင့် အသုံးအဆောင်ပစ္စည်း၊ ရော်ဘာကို အခြေခံသည့် အလုံးစုံသော သုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းများသည် Agro-based Industry များ အချို့သာဖြစ်ကြောင်း။**

လက်ရှိအချိန်တွင် ပြည်တွင်း MSME များသည် ကမ္ဘာ့ MSME များနည်းတူ ငွေကြေးအရင်းအနှီး၌ အခက်အခဲများရှိနေခြင်း၊ နည်းပညာ နောက်ကျနေခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်မှု အားနည်းခြင်း၊ ကျွမ်းကျင်လုပ်သားမလုံလောက်ခြင်း၊ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် (Supply Chain) အားနည်းခြင်း၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ကြုံတွေ့နေရခြင်းစသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရဆဲဖြစ်ကြောင်း၊ ယင်းအခက်အခဲများကိုကျော်လွှားပြီး အခွင့်အလမ်းအဖြစ် ပြောင်းလဲကာ ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်ခုရရှိအောင် ကြိုးပမ်းအားထုတ်ကြရန် လိုကြောင်း၊ ဒေသန္တရအစိုးရအဖွဲ့များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ လုပ်ငန်းကွန်ရက်များ အနေဖြင့် လုပ်ငန်းရှင်များအတွက် ကုန်ကြမ်းသေချာစွာရရှိစေရေး၊ ငွေကြေးအရင်းအနှီး လွယ်ကူစေရေးနှင့် ဒီဂျစ်တယ်နည်းပညာ သင်တန်းများ ရရှိနိုင်ရေးအတွက် ခိုင်မာသည့် ဝန်းကျင်ကောင်းတစ်ခုကို ပိုင်းဝန်း တည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်သူများ၊ စိုက်ပျိုးရေးမွေးမြူရေး ကုန်ထုတ်လုပ်သူများမှ အစပြု၍ ဝန်ဆောင်မှုပေးနေသူများအထိ MSME လုပ်ငန်းရှင်အားလုံးသည် ယင်းစီးပွားရေး စိန်ခေါ်မှုများကြားမှ ကြံ့ကြံ့ခံပြီး အလုပ်အကိုင်များ ဖန်တီးပေးနေသည်ကို တွေ့ရသည့်အတွက် အလေးအနက် အသိအမှတ်ပြုကြောင်း။

မိမိတို့နိုင်ငံတွင်း ထုတ်လုပ်မှုစွမ်းအားများကို မြှင့်တင်ပြီး သွင်းကုန်အစားထိုးခြင်းနှင့် ပို့ကုန်ဦးတည်သည့် အရည်အသွေးမြင့် ကုန်ထုတ်လုပ်မှုများကို ဦးတည်လုပ်ကိုင်ခြင်းအားဖြင့် အမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးကာ ခိုင်မာတောင့်တင်းသည့် နိုင်ငံ့စီးပွားရေးကို တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် ဒေသတစ်ခုနှင့်တစ်ခု ရာသီဥတု၊ မြေဆီလွှာနှင့် ထွက်ရှိသည့် သဘာဝသယံဇာတချင်း မတူညီသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီ၌လည်း အားသာချက်ကိုယ်စီရှိနေကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်ရှိသည့် MSME များကို ထိထိရောက်ရောက် တိုးတက်စေလိုပါက **"ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)"** စနစ်ကို အားစိုက်ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

ယခုနှစ် World MSME Day ကို နှစ်ရက်တာကျင်းပပြီး MSME လုပ်ငန်းရှင်များအနေဖြင့် ခေတ်မီ ဒီဂျစ်တယ် နည်းပညာများနှင့် အလုပ်မများဝေးစေရေး ဒီဂျစ်တယ်နည်းပညာသုံးစွဲမှုကို မြှင့်တင်အားပေးသည့် အထူးအစီအစဉ်များကို ထည့်သွင်းပံ့ပိုးပေးထားကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများတွင် ငွေကြေးစီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ဒစ်ဂျစ်တယ်ငွေပေးချေမှု စနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်း၊ မိမိတို့၏ ကုန်ပစ္စည်းများကို ဒေသတွင်းမှ ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်နိုင်ရေးအတွက် ဒီဂျစ်တယ် ရောင်းဝယ်ဖောက်ကားမှုပလက်ဖောင်း (E-commerce Platforms)များကို လက်တွေ့အသုံးချပြီး ဈေးကွက်ရှာဖွေခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် MSME လုပ်ငန်းရှင်များ၊ အထူးသဖြင့် လူငယ်စီးပြုလုပ်ငန်းရှင်များကို ဒီဂျစ်တယ်နည်းပညာများတွင် သေချာစွာနားလည် သဘောပေါက်ပြီး လက်တွေ့အသုံးချနိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုများဖြင့် လုပ်ငန်း

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ကွန်ရက် ချိတ်ဆက်မှုများအားကောင်းခိုင်မာရေး ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးစနစ်တစ်ခုလုံးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရန်ဆိုပါက သီးခြားစီဖြစ်နေပြီး အမျိုးအစားတူသည့် MSME လုပ်ငန်းများကို စုစည်းပြီး အောင်မြင်မှုရရှိသည်အထိ ရှေ့သို့ဆက်လက် ချီတက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ပံ့ပိုးပေးနိုင်သည့် Supply Chain Mechanism ကို ခိုင်ခိုင်မာမာ တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ အဓိကအားဖြင့် MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများအကြား ခိုင်မာသည့် ကုန်ထုတ်လုပ်မှု ကွင်းဆက်ကွန်ရက်တစ်ခု ဖြစ်ပေါ်လာအောင် ချိတ်ဆက်ပေးသွားကြရန် လိုအပ်ကြောင်း၊ စက်ရုံကြီးများအတွက် လိုအပ်သည့် စက်အစိတ်အပိုင်းများ၊ တစ်ဝက်တစ်ပျက်ကုန်ကြမ်းများနှင့် ထုပ်ပိုးပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းနေမည့်အစား အရည်အသွေးမီသည့် ပြည်တွင်း MSME ထုတ်ကုန်များကို ဝယ်ယူအသုံးပြုပြီး ကုန်ချောထုတ်လုပ်သည့် စနစ်မျိုးကို ဖော်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများတွင် တစ်ခုနှင့်တစ်ခု ကွင်းဆက်မပြတ် အချိတ်အဆက်မိမိ ပူးပေါင်း ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

ထို့ပြင် MSME လုပ်ငန်းရှင်များအချင်းချင်း အတွေ့အကြုံဖလှယ်ခြင်းနှင့် ကုန်ထုတ်လုပ်မှုနည်းပညာများ၊ မျှဝေဖလှယ်မှုများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများ ခေတ်မီတိုးတက်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက်ဆိုပါက အစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များအကြား ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးကိုလည်း တည်ဆောက်ထားရမည် ဖြစ်ကြောင်း၊ ဆက်လက်ပြီး ကမ္ဘာ့ဈေးကွက်အထိ တင်ပို့နိုင်ရေးအတွက် နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်မည့် Global Partnership အတွက်ကိုပါ ရည်မှန်းထားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အားလုံးပါဝင်နိုင်သည့် စီးပွားရေးစနစ်များ ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများကို အစဉ်သဖြင့် ဝေမျှပေးနိုင်မည့် ဒီဂျစ်တယ်ပလက်ဖောင်း များကိုလည်း ဖန်တီးပေးသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကုန်ထုတ်လုပ်မှု နယ်ပယ်အသီးသီးတွင် ဒေသအလိုက် လုပ်ငန်းကဏ္ဍချိတ်ဆက်မှုများ ပီပြင်စွာ ဖော်ဆောင်နိုင်စေရေး အတွက် လုပ်ငန်းရှင်ကြီးများနှင့် လုပ်ငန်းရှင်ငယ်များအကြား ပေါင်းကူးတံတားသဖွယ် စနစ်တကျညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။



## လှည့်လည်ကြည့်ရှု

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ထူးချွန်အဆင့်(၃) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။

### ဆက်လက်ပံ့ပိုးကူညီ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များသည် မိမိတို့နိုင်ငံ စီးပွားရေး၏ ပဓာနကျသည့် ကျောရိုးမဏ္ဍိုင်ကြီးဖြစ်ကြောင်း၊ ယင်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုရှင်သန်ဖွံ့ဖြိုးလာစေခြင်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေးအင်အား တောင့်တင်းလာစေရုံတင်မက ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝနှင့် မိသားစုဝင်ငွေများကို တိုက်ရိုက်မြင့်မားတိုးတက်လာစေမည် ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် အသေးစား၊ အငယ်စားလုပ်ငန်းရှင်များ၊ စတင်ပျိုးထောင်စလုပ်ငန်း (Startup)တည်ထောင်သူများနှင့် MSME လုပ်ငန်းများအားလုံးကို နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ လုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ ကြိုးစားအားထုတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့သည် မိမိတို့၏ မြို့ရွာဒေသများကို ပြောင်းလဲတိုးတက်စေရုံတင်မက နိုင်ငံတော်၏ စီးပွားရေးတစ်ခုလုံးကို ရှေ့သို့မောင်းနှင်ပေးနေခြင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်တွင်း MSME လုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်ယှဉ်ပြိုင်နိုင်စွမ်း ရှိလာအောင် အစွမ်းကုန် ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ်မျိုးစုံ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သကဲ့သို့ လူသားအရင်းအမြစ်လည်း ပြည့်စုံသည့်နိုင်ငံဖြစ်ကြောင်း၊ **MSME လုပ်ငန်းများကို ပုဂ္ဂလိကနှင့်သမဝါယမပုံစံများဖြင့် အရှိန်မြှင့်ဆောင်ရွက်ခြင်းဖြင့် အလုပ်လုပ်နိုင်သည့် အသက်အရွယ်အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာဖြစ်ပေါ်စေပြီး တစ်ဦးချင်းဝင်ငွေရရှိမှု၊ အမိမြေ၏အေးမြသည့် အရိပ်အာဝါသအောက်တွင် စိတ်ချမ်းသာစွာနေရမှု၊ မိသားစု၏ လူမှုစီးပွားများ မြှင့်တင်ပေးနိုင်မှု၊ ဆင်းရဲမွဲတေမှုကို လျှော့ချပေးနိုင်မှု အစရှိသည့်များစွာသော အကျိုးဆက်များ ခံစားရမည်ဖြစ်ကြောင်း၊** နည်းပညာနှင့် အရင်းအနှီးကို ဟန်ချက်ညီအောင် ပံ့ပိုးပေးနိုင်မည်ဆိုပါက မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သည် မလွဲမသွေရောက်ရှိလာနိုင်မည် ဖြစ်ကြောင်း၊

စာမျက်နှာ ၆ သို့ ☆

✦ **MSME လုပ်ငန်းများကို ပုဂ္ဂလိကနှင့် သမဝါယမပုံစံများဖြင့် အရှိန်မြှင့် ဆောင်ရွက်ခြင်းဖြင့် အလုပ်လုပ်နိုင်သည့် အသက်အရွယ်အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာဖြစ်ပေါ်စေပြီး တစ်ဦးချင်းဝင်ငွေရရှိမှု၊ အမိမြေ၏အေးမြသည့် အရိပ်အာဝါသအောက်တွင် စိတ်ချမ်းသာစွာ နေရမှု၊ မိသားစု၏လူမှုစီးပွားများ မြှင့်တင်ပေးနိုင်မှု၊ ဆင်းရဲမွဲတေမှုကို လျှော့ချပေးနိုင်မှုအစရှိသည့် များစွာသောအကျိုးဆက်များ ခံစားရမည်ဖြစ်**

☆ စာမျက်နှာ ၅ မှ

ထို့ကြောင့် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် အားလုံးအလုပ်လုပ်ကြရန်သာလိုကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် သူ့အကျိုး ကိုယ့်အကျိုး အပြန်အလှန်အကျိုးပြုရုံမျှမက နိုင်ငံတော်၏ အကျိုးစီးပွားအတွက်ကိုပါ ဖော်ဆောင်ပေးရာရောက်မည်ဖြစ်ပြီး Win-Win Win Situation အခြေအနေ ရောက်ရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့ MSME နေ့၏ ဦးတည်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ အနာဂတ်မျိုးဆက်သစ်လူငယ်လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူများအားလုံး ခေတ်မီနည်းပညာများ၊ တီထွင်ဆန်းသစ်မှုများနှင့် နိုင်ငံတော်က ပံ့ပိုးပေးထားသည့် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပြည်တွင်းဖူလုံရုံတင်မက ကမ္ဘာ့အဆင့်အထိ အရည်အသွေးမြှင့်တင်ပြီး ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ထူးချွန်အဆင့်(၁) MSME လုပ်ငန်းများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ Healthy & Happy စားသောက်ကုန် (အသေးစား) လုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သလ္လာဝတီ ကုမ္ပဏီလီမိတက် စားသောက်ကုန် (အလတ်စား) လုပ်ငန်း၊ ရှမ်းပြည်နယ်မှ ခိုင်မေတ္တာဆေးရုံ ကျန်းမာရေးဝန်ဆောင်မှု (အလတ်စား)တို့အား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက ထူးချွန်အဆင့်(၂) MSME လုပ်ငန်းသုံးခု၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ထူးချွန်အဆင့်(၂) MSME လုပ်ငန်းသုံးခု၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ထူးချွန်အဆင့်(၃) MSME လုပ်ငန်းသုံးခု၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက ထူးချွန်အဆင့်(၃) MSME လုပ်ငန်းသုံးခု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ထူးချွန်အဆင့်(၃) MSME သုံးခုတို့အား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အခမ်းအနား တက်ရောက်လာကြသူများသည် MSME ဖွံ့ဖြိုးတိုးတက်ရေး မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့အထိမ်းအမှတ် လက်ဆောင်အား နေရာအရောက်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့အခမ်းအနား အထိမ်းအမှတ်အဖြစ် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ပြခန်းများ၊ ဗဟိုကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းပြခန်းများ၊ အသင်းအဖွဲ့များအလိုက် ပြခန်းများ စုစုပေါင်း ပြခန်းပေါင်း ၁၄၉ ခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ဓာတ်မြေသြဇာများနှင့် မျိုးစေ့များနှင့် အခြားပြည်တွင်း MSME လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# World MSME Day အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်၍ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပ





နေပြည်တော် ဇွန် ၂၇

World MSME Day အထိမ်းအမှတ် အခမ်းအနားနှင့်ဆက်စပ်၍ အသိပညာပေး ဆွေးနွေးပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁(MICC-1)၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌက **"အနာဂတ် ခေတ်မီ MSME များ၏ ဒီဂျစ်တယ် အခွင့်အလမ်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး စားပွဲဝိုင်းပုံစံဖြင့် ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက သိရှိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညနေပိုင်းတွင် ကမ္ဘာ့ MSME နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် အသင်းအဖွဲ့များအား ဂုဏ်ပြုသည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကမ္ဘာ့ MSME နေ့ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်ခဲ့သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ကို မှတ်တမ်းတင်ဂုဏ်ပြု ကျေးဇူးတင်လွှာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ရောဝတီဘဏ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်သူများအသင်း၊ နေပြည်တော် MSME လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်တို့ကို မှတ်တမ်းတင်ဂုဏ်ပြု ကျေးဇူးတင်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၂၇

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဇွန် ၂၆ ရက်က ချင်းပြည်နယ် တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်နေမှုနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ဦးစွာ တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများဖြစ်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(တီးတိန်)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း(တီးတိန်)၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရန်နှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် လွဲမှားမှုမရှိစေရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည် ဖြစ်ကြောင်း၊ လုပ်ငန်း လိုအပ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တိုင်းတိကျစွာ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာ၌ ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ ပုံရိပ်ကို ထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားရှောင်ကြဉ်ရမည် ဖြစ်ကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ထမ်းများနေထိုင်လျက်ရှိသည့် အိမ်ရာများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တီးတိန်မြို့မှ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ မင်းလှမြို့မှ

သုတဓမ္မဒီပလိုမာစာမေးပွဲကို ပညာဘူမိတက္ကသိုလ် (University Of Wisdom Land) မှ ဆရာတော် ဦးသုက္ကောသာရနှင့် မင်းလှမြို့နယ် သုတဓမ္မဒီပလိုမာ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်တို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့နယ်တို့မှ သုတဓမ္မဒီပလိုမာ Level -1 အဆင့် ၃၄၇ ဦး၊ BA-3 အဆင့် ၃၇ ဦး၊ သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ စုစုပေါင်း ၃၈၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

အဆိုပါ Level -1၊ BA-3 အဆင့်စာမေးပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

❖ သဲကုန်းမြို့မှ

ကြီးကြပ်၍ ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်/လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနည်းများဖြင့် ရေဆင်းပေါ်ဆန်း-(၁) ဧက ၇၀၊ ရေဆင်းပေါ်ဆန်း-၆၉ ဧက၊ ထိုင်းနံ့ကောက် ၁၁၆၂၂ ဧက၊ မော်ဘီ-(၂) ၁၁၀၀၆ ဧက၊ ရက်-(၉၀) ၁၁၄၅၄ ဧက၊ ရတနာတိုး ၂၄၉၃၅ ဧက၊ ဗီယက်နမ် ဧက ၁၁၅၆၀၊ အင်းမရဲဘော် ၈၃၂၄ ဧက၊ ယာ-(၁၄) ဧက ၈၃၀၊ မနောသုခ ဧက ၂၂၀၀၊ အောင်နိုင်တိုး ဧက ၅၄၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

✻ နိုင်ငံတော်မှ

ရောက်ရှိလာသော ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများအား သိုလှောင်ရုံတွင် စနစ်တကျ ထိန်းသိမ်းထားနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများက သိုလှောင်ရုံသို့ စနစ်တကျ သယ်ယူပို့ဆောင်နေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လူငယ်လူရွယ်ထုအတွင်း ခြိမ်းခြောက်အန္တရာယ်ပေးနေသော မူးယစ်ဆေးဝါး

လွန်းပိုးအိမ်

လောကတွင် အကောင်းဆုံးအချိန်အခါ၊ အကောင်းဆုံးအရွယ်၊ အကောင်းဆုံး အရည်အသွေးရှိသော လူသားမျိုးဆက်မှာ လူငယ်လူရွယ်များပင်ဖြစ်သည်။ ထိုလူငယ်လူရွယ်များ၏ဘဝများ အမှောင်ဖုံးမသွားစေရန်နှင့် တောက်ပသော အနာဂတ်ပိုင်ရှင်များဖြစ်လာစေရန် မူးယစ်ဆေးဝါး၏အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အဓိကတာဝန်ပင်ဖြစ်ပါသည်။

**တားဆီးကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်လုပ်ဆောင်ရန် လိုအပ်**

ယနေ့ကာလတွင် လူငယ်လူရွယ်များ၏ဘဝများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်သည် အလွန်ပင် စိုးရိမ်ဖွယ်ရာဖြစ်နေသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် လူတစ်ဦးချင်းစီ၏ဘဝကိုသာမက မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ နက်ရှိုင်းစွာထိခိုက်စေပါသည်။ မူးယစ်ဆေးဝါး၏အန္တရာယ်ကို သတိပြုမိစေရန် လူငယ်များအား အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်လုပ်ဆောင်ရန် လိုအပ်နေပါသည်။

လူငယ်လူရွယ်များအနေဖြင့် မိမိတို့၏ အသက်အရွယ်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် မူးယစ်ဆေးဝါးကို မည်သည့်အတွက်ကြောင့် သုံးစွဲမိကြသည်ကို လေ့လာကြည့်ပါက စိတ်ပိုင်းဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းရင်းများအပြင် မူးယစ်ဆေးဝါးကို စမ်းသပ်လိုစိတ်ကြောင့်လည်း သုံးစွဲမိကြသည်ကို တွေ့ရှိရသည်။ အမှန်တကယ်တွင် မူးယစ်ဆေးဝါးသည် လူငယ်များ၏အနာဂတ်ကို ဖျက်ဆီးနေသည့် အဓိကပြဿနာကြီးတစ်ခုဖြစ်နေသည်။

ယနေ့ခေတ်တွင်မူးယစ်ဆေးဝါးပြဿနာသည် လူတစ်ဦးချင်းစီ၏ ပြဿနာမဟုတ်တော့ဘဲ “Problem of Drug and Drug Problem of People” ဟု သတ်မှတ်နိုင်သည်အထိ လူမှုရေးဆိုင်ရာ ခြိမ်းခြောက်မှုကြီးတစ်ခုဖြစ်လာပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများမှာ လူငယ်များ၏ ပညာရေးကိုထိခိုက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေရုံသာမက မိသားစု၏စီးပွားရေးကိုပါ ထိခိုက်စေသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများသည် ရောဂါများကူးစက်ခံရနိုင်ခြေမြင့်မားပြီး ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်လာနိုင်သည့် အန္တရာယ်များလည်းရှိနေသည်။

ကမ္ဘာ့နိုင်ငံများကိုပြန်ကြည့်လျှင် နိုင်ငံတိုင်းလိုလိုသည် မိမိ၏အနာဂတ် လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးသာယာစေရန်အတွက် Social Capital ဟုခေါ်သည့် လူမှုအရင်းအနှီးများ၊ Intellectual Capital ဟုခေါ်သည့် ဉာဏအရင်းအနှီးများ အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံကြရာတွင် မျိုးဆက်သစ်လူငယ်များအား ပိုမိုပျိုးထောင်လာခဲ့ကြသည်ကို တွေ့ရသည်။ မိမိတို့နိုင်ငံတော်၏ အနာဂတ်လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်သာယာလှပအောင် လူငယ်များ၏ စွမ်းပကားကို တိုးမြှင့်ကြရပေမည်။ လူငယ်များ၏ စွမ်းပကားကို မြှင့်တင်ပေးရန်ဆိုလျှင် နိုင်ငံတော်အစိုးရတစ်ခုတည်းက ဆောင်ရွက်ပေးရုံဖြင့် မလုံလောက်ဘဲ လူ့အဖွဲ့အစည်းအသီးသီး၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူအသီးသီးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရပေမည်။

လူငယ်များကို အသက်အန္တရာယ် ဆုံးရှုံးစေသည်အထိ အဓိက ခြိမ်းခြောက်လျက်ရှိသည်မှာ မူးယစ်ဆေးဝါးပင်ဖြစ်သည်။ လူသားများ၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခြိမ်းခြောက်လျက်ရှိသော အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်ကို ကြိုတင်ကာကွယ်ရန်နှင့် ထိရောက်စွာ တိုက်ဖျက်နှိမ်နင်းနိုင်ရန် အလွန်လိုအပ်ပါသည်။ တရားမဝင်မူးယစ်ဆေး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ အရက်၊ ဘီယာနှင့် ဆေးလိပ်တို့ကို စွဲလမ်းခြင်းအန္တရာယ်မှ ကင်းဝေးစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများကို ပိုမိုသိရှိနားလည်လာစေရန် အသိပညာပေးဆောင်ရွက်ခြင်းအားဖြင့် မူးယစ်ဆေးဝါးနှင့် နောက်ဆက်တွဲဆိုးရွားလှသည့် အန္တရာယ်များကို လူသားများ ကိုယ်တိုင်ကိုယ်ကျ နားလည်သဘောပေါက်မှသာ ရှောင်ရှားနိုင်ကြမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးသောဆေးဝါးတစ်မျိုးဖြစ်သည်။ ယခင်က မူးယစ်ဆေးဝါးကို အပင်များမှရရှိပြီး ဘယဆေးတစ်မျိုးအဖြစ် အသုံးပြုခဲ့ကြသည်။ ဘိန်းပင်၊ ကုက္ကားပင်၊ ဆေးခြောက်ပင်တို့ကို မူးယစ်ဆေးဝါးဟုခေါ်ပါသည်။ ဘိန်းပင်နှင့် ဆေးခြောက်ပင်တို့သည် ထင်ရှားသည့် မူးယစ်အနွယ်ဝင် အပင်များဖြစ်ကြသည်။ ခေတ်အဆက်ဆက် ပြောင်းလဲလာသော အခြေအနေများအရ မူးယစ်ဆေးနှင့် မူးယစ်စေတတ်သောအရာများ၊ အပင်ထွက်ပစ္စည်းများကို သုံးစွဲရုံသာမကဘဲ လူတို့ကိုယ်တိုင် တီထွင်အသုံးပြုလာခဲ့ကြသည်။ ဆေးအဖြစ်သာမက စွဲလမ်းစေသည့် ဖျော်ဖြေရေးပစ္စည်း၊ ထိုမျှမက လူတို့ကို လွှမ်းမိုးချုပ်ကိုင်လာသော သေမင်းတမန်အဖြစ် အဆင့်ဆင့်ပြောင်းလဲသုံးစွဲလာခဲ့ရာမှ ယခုအခါတွင် မူးယစ်ဆေးဝါးသည် လူသားများအကြားတွင် စွဲလမ်းစေတတ်သော ကြောက်မက်ဖွယ်ရာတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်ပါသည်။

**ဘယ်သူမပြု မိမိမှုပင်ဖြစ်**

လူသည် စူးစမ်းတတ်သော သတ္တဝါတစ်မျိုးဖြစ်ပြီး ထိုစူးစမ်းစိတ်ကြောင့်ပင် ယနေ့ ကမ္ဘာကို ပုံဖော်ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။ စူးစမ်းစိတ်သည် လူကို ကောင်းကျိုးပြုသလို ဆိုးကျိုးလည်း ပြုနိုင်ပေသည်။ အထူးသဖြင့် အန္တရာယ်ရှိသော မူးယစ်ဆေးဝါးသည် စူးစမ်းမိသည့်လူကို ချုပ်နှောင်ဖမ်းစားရင်း မပြန်လမ်းသို့ ဆွဲခေါ်သွားနိုင်သောအရာဖြစ်သည်။ လူသားများအနေဖြင့် မူးယစ်ဆေးဝါးကို သူငယ်ချင်းအပေါင်းအသင်း၏ ဆွဲဆောင်မှုကို မလွန်ဆန်နိုင်ခြင်း၊ မိသားစုအိမ်တွင်းရေးမပြေလည်ခြင်း၊ လူမှုရေးပြဿနာရှိနေခြင်းနှင့် မူးယစ်ဆေးအန္တရာယ်အကြောင်း ဗဟုသုတနည်းပါးခြင်း စသည်တို့ကြောင့် သုံးစွဲမိသည်ဟုဆိုသော်လည်း မိမိ၏စိတ်ကြောင့်သာ ပျက်စီးခြင်းကိုရောက်ကြခြင်းဖြစ်ပါသည်။ မိမိကိုယ်တိုင်ဖျက်မှ ပျက်စီးခြင်းဖြစ်၍ ဘယ်သူမပြု မိမိမှုပင်ဖြစ်ပါသည်။

လူသားများအကြားတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းမြင့်တက်လာသည်နှင့်အမျှ စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်လာပြီး ရာဇဝတ်မှုခင်းများ များပြားလာသည့် မှုခင်းသံသရာကို ဖြစ်ပေါ်စေပါသည်။

ယနေ့အချိန်တွင် နိုင်ငံ၏ မျိုးဆက်သစ်လူငယ်များအား လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းကြရန် အလွန်ပင် အရေးကြီးပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ဖြည်းဖြည်းချင်းဝါးမျိုပြီး လူငယ်များကို အညွှန့်ချိုးနေသည့် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အနာဂတ်ကို ဖြည်းဖြည်းချင်း နင်းချေပစ်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူနှင့်အတူ စုပေါင်းပြီး နှိမ်နင်းကြရန်လည်း အထူးလိုအပ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် တစ်နိုင်ငံတည်း ဆောင်ရွက်၍မရသည့်အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်ဖောက်ကားမှုများကို တိုက်ဖျက်နိုင်ရန် အိမ်နီးချင်းနိုင်ငံများ အပါအဝင်နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်လုပ်ဆောင်နိုင်ရန် အရေးကြီးပါသည်။

မူးယစ်ဆေးသည် သုံးစွဲမိသူကို စွဲလမ်းစေတတ်သည်။ သုံးနေစဉ်ကာလအတွင်း စိတ်ခံတတ်တက်ကြွခြင်း၊ အလွန်အမင်း လန်းဆန်းခြင်း၊ စိတ်ကူးကွန့်မြူးလွယ်ခြင်းနှင့် လွတ်လပ်ပေါ့ပါးခြင်း စသည့်ခံစားမှုများဖြစ်ပေါ်စေသဖြင့် သုံးစွဲသူများ စွဲလမ်းနှစ်ခြိုက်နေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးသည် ဦးနှောက်ကို မူးယစ်ထုံထိုင်းစေပြီး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ နှစ်မျိုးစလုံးကို စွဲလမ်းမှုဖြစ်စေသည်။ မသုံးရလျှင် မနေနိုင်ဖြစ်စေသည်။

**ထိရောက်စွာ အကောင်အထည်ဖော်ရန်လိုအပ်**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းထားသော်လည်း ထိရောက်စွာ အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်ကို လူငယ်များ နားလည်သဘောပေါက်စေရန်အတွက် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်သည်။ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး၏ နောက်ဆက်တွဲဆိုးကျိုးများကို သိရှိနားလည်စေရန် ပညာပေးသင်ခန်းစာများ ထည့်သွင်းသင်ကြားခြင်းသည်လည်း အလွန်အရေးကြီးသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ မူးယစ်ဆေးဝါးကြောင့် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများထိခိုက်ရုံသာမက မိသားစုအတွင်း စီးပွားရေးအခြေအနေများကိုပါ ဆုတ်ယုတ်သွားစေနိုင်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးကို တားဆီးကာကွယ်ရာတွင် တစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာခိုင်မာမှုနှင့် မိသားစု၏ အနီးကပ်စောင့်ရှောက်မှုသည် အဓိကသော့ချက်ဖြစ်သည်။

ဘိန်း၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားကို လက်လှမ်းမမီသည့် လူငယ်များကမူ ကော်ရှူခြင်း၊ ခဲတံဆီရှူခြင်း စသည့်နည်းလမ်းများမှတစ်ဆင့်လည်း မူးယစ်ဆေးကို ရှာဖွေခံစားတတ်လာသည်။

စာမျက်နှာ ၈ သို့ ◆



ကလေးမြို့နယ်၌ ဇွန် ၁၆ ရက်က ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

- ✻ **ဝိသမလောဘသားများအနေဖြင့် မူးယစ်ဆေးဝါးဈေးကွက်အတွက် လူငယ်များအား အဓိက ပစ်မှတ်ထားလာကြသည်ကို တွေ့မြင်နေရပါသည်။ ကျောင်းများတွင်သော်လည်းကောင်း၊ ရပ်ကွက်အတွင်း၌သော်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ကျောင်းသား ကျောင်းသူချင်း၊ လူငယ်လူရွယ်ချင်းမှတစ်ဆင့် ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်လျက်ရှိ**
- ✻ **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းထားသော်လည်း ထိရောက်စွာ အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်ကို လူငယ်များ နားလည်သဘောပေါက်စေရန်အတွက် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်သည်။ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး၏ နောက်ဆက်တွဲဆိုးကျိုးများကို သိရှိနားလည်စေရန် ပညာပေးသင်ခန်းစာများ ထည့်သွင်းသင်ကြားခြင်းသည်လည်း အလွန်အရေးကြီး**

# (၁၆)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ
# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)၏ (၁၆) ကြိမ်မြောက် သက်ကြီး ဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကန်တော်ကြီး Dolphin Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်းသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီး ဂီတပညာရှင်များနှင့် ဂီတ၊ ရုပ်ရှင်၊ စာပေ၊ သဘင်မှ ဖိတ်ကြားထားသူများနှင့် အတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မုဒိတာစကားပြောကြားကာ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အထွေထွေအတွင်းရေးမှူးက သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းရရှိသော အလှူငွေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌက လက်ခံရယူသည်။



ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၅၈ သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ငါးသိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၃၁၂၆၀၀၀၀ နှင့် ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသူများက အသက်(၇၅)နှစ်နှင့် အထက် ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီး၁၅၈ဦးအား ကန်တော့ကြပြီး ကန်တော့ခံပစ္စည်းများနှင့် ဂါရဝပြုဂုဏ်ပြုငွေများ ပေးအပ်ကြသည်။ ယင်းနောက် ကန်တော့ခံ သက်ကြီး ဂီတပညာရှင်ကြီးများကိုယ်စား တေးသံရှင် မြန်မာပြည်သိန်းတန်က ဆုတောင်းမေတ္တာပို့သဝါဒစကား ပြောကြားခဲ့သည်။

သတင်းစဉ်

## ကျောက်ကြီးမြို့နယ်၌ ငှက်ပျောပင်စိုက်ပျိုးပွဲကျင်းပ

ကျောက်ကြီး ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ဖန်ခါးကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇွန် ၂၅ ရက် နံနက်ပိုင်းက ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် တာဝန်ရှိသူများ၊ အခြေခံပညာမူလတန်းလွန်ကျောင်း (ဖန်ခါးကုန်း) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ငှက်ပျောခုနစ်မျိုး စုစုပေါင်း ငှက်ပျောပျိုးပင် ၁၀၃ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## အင်္ဂပူမြို့နယ်၌ သွင်းအားစုများ ပေးအပ်

အင်္ဂပူ ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ဇွန် ၂၆ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြည်က သွင်းအားစုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက တောင်သူများထံ သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## အုတ်ဖိုမြို့၌ ရေဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

အုတ်ဖို ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မီးသတ်ဦးစီးဌာနက အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရေဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို ဇွန် ၂၇ ရက်က အုတ်ဖိုမြို့ ကျောင်းကြီးတန်းရပ်ကွက် မီးသတ်သဘာဝရေကန်တွင် ဆောင်ရွက်ခဲ့ကြသည်။

ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ရေပြင်ရှာဖွေကယ်ဆယ်ရေး စွမ်းရည်ပြသမှုလုပ်ငန်းများကို ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အောင်သူ(အုတ်ဖို)

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

◆ စာမျက်နှာ ၇ မှ

ထို့ကြောင့် မူးယစ်ဆေးသည် လက်လှမ်းမီသုံးစွဲနိုင်သည့် လူငယ်များကြားတွင်သာမက ငွေကြေးမပြည့်စုံသည့် လူငယ်များအကြားသို့ပါ ထိုးဖောက်ရောက်ရှိလာနေပြီဖြစ်သည်။

ခေတ်၏ပြောင်းလဲလာမှုကြောင့် မူးယစ်ဆေးဝါးများသည်လည်း နည်းလမ်းမျိုးစုံဖြင့် ပြောင်းလဲလာသည်။ ဘိန်းခင်းများကို ဖျက်ဆီးခြင်း၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်းတို့ဖြင့် ဘိန်းကို အမြစ်ပြတ်အောင် လုပ်ဆောင်နေချိန်တွင် စိုက်ခင်းမလို၊ လူအင်အားလည်းမလိုဘဲ ဓာတ်ခွဲခန်းတစ်ခုရှိရုံမျှဖြင့် ပစ္စည်းအရေအတွက် သိန်းပေါင်း၊ သန်းပေါင်းများစွာ ထုတ်လုပ်နိုင်သော စိတ်ကြွရူးသွပ်ဆေးများမှာ ဝိသမလောဘသားများ၏ သည်းခြေကြိုက်ဖြစ်လာခဲ့သည်။

ဝိသမလောဘသားများအနေဖြင့် မူးယစ်ဆေးဝါးဈေးကွက်အတွက် လူငယ်များအား အဓိကပစ်မှတ်ထားလာကြသည်ကို တွေ့မြင်နေရပါသည်။ ကျောင်းများတွင်သော်လည်းကောင်း၊ ရပ်ကွက်အတွင်း၌သော်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ကျောင်းသား ကျောင်းသူချင်း၊ လူငယ်လူရွယ်ချင်းမှတစ်ဆင့် ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်လျက်ရှိသည်ဟု သိရှိရသည်။ စိတ်ကြွရူးသွပ်ဆေးများသည်လည်း ဈေးကွက်အတွင်း နာမည်အမျိုးမျိုးနှင့် ထွက်ရှိနေသည်။ ယခင်က စိတ်ကြွဆေးများကို နိုင်ငံခြားတိုင်းပြည်များတွင် နေ့မအား၊ ညမနား အလုပ်လုပ်ကြရသည့် လုပ်သားများသောက်သုံးရန် ထုတ်လုပ်ခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် အဆင့်ဆင့် ထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်သည်။

ဆေးအာနိသင်မှာ ညမအိပ်ဘဲ အလုပ်လုပ်နိုင်ခြင်း၊ အစာမစားဘဲ အလုပ်လုပ်နိုင်ခြင်း၊ ခွန်အားပြည့်ဝသကဲ့သို့ ခံစားရခြင်း၊ ဉာဏ်ရွှင်ခြင်း စသည်တို့ဖြစ်သည်။ သို့သော် သုံးစွဲသည့်ကာလကြာလာလျှင်မူ ဆေးအာနိသင်မရပါက အားအင်မရှိသကဲ့သို့ ပင်ပန်းနွမ်းနယ်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ သွားများကျွတ်ခြင်း၊ ယိုင်နဲ့ခြင်း၊ ကိုယ်တွင်းကလီစာများပျက်စီးခြင်း စသည့်ဘေးထွက်ဆိုးကျိုးများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူကိုယ်တိုင်တွင် စိတ်ကျန်းမာရေးထိခိုက်ခြင်း၊ ပုံမှန်အသိစိတ်မရှိခြင်း၊ သံသယဝင်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါများ၊ အိပ်ရေးပျက်ပြီး အသိဉာဏ်ချို့ယွင်းလာခြင်းများ ဖြစ်တတ်ပါသည်။ နောက်ထပ် ဦးနှောက်ကြောင်လာခြင်း၊ ဉာဏ်ရည်ကျဆင်းပြီး ခုခံအားကျဆင်းလာသည့် HIV/AIDS စသော ရောဂါဝေဒနာများပါ ခံစားလာရတတ်ပါသည်။

### အမျိုးသားထုတစ်ရပ်လုံး၏တာဝန်ဖြစ်

မူးယစ်ဆေးဝါးကို အလွန်အကျွံသုံးစွဲမှုကြောင့် စိတ်အာရုံချောက်ချားမှုများဖြစ်လာပြီး စာရိတ္တပျက်စီးခြင်း၊ ဥစ္စာပျက်စီးခြင်းတို့ကြောင့် လူ့အသိုင်းအဝိုင်းကိုလည်း ထိခိုက်စေပါသည်။ တစ်မျိုးသားလုံးလူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးကို တားဆီးကာကွယ်ရန်မှာ အမျိုးသားထုတစ်ရပ်လုံး၏တာဝန်ဖြစ်သည်။ မူးယစ်ဆေးဝါးကို ထုတ်လုပ်၊ ဖြန့်ချိရောင်းချ၊ တင်ပို့၊ တင်သွင်း ကိုယ်တိုင်မလုပ်သော်လည်း အားပေးကူညီထောက်ပံ့လျှင် ထောင်ဒဏ်၊ သေဒဏ်အထိ ကျခံနိုင်ရဖွယ်ရှိပါသည်။ ထို့ကြောင့် မိမိနှင့်အတူ ဆိုင်ကယ်စီးလာသော သူငယ်ချင်းသည် မူးယစ်ဆေးဝါးသုံးစွဲခဲ့လျှင် စစ်ဆေးသည့်အခါတွင် ကိုယ်တိုင်မသုံးစွဲသော်လည်း မူးယစ်ဆေးသုံးစွဲနေသည်ဟု မသင်္ကာလျှင် မိမိပါအဖမ်းခံရမည်ဖြစ်သောကြောင့် အပေါင်းအသင်းကိုလည်း ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

ထို့ပြင် မူးယစ်ဆေးသုံးစွဲသူများကိုလည်း ပစ်ပယ်ထားခြင်းမပြုဘဲ မူးယစ်ဆေးစွဲခြင်းကို စိတ်ပိုင်းဆိုင်ရာ ရောဂါတစ်ခုအဖြစ် သတ်မှတ်ကာ လူ့အသိုင်းအဝိုင်း၏ ဖေးမမှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့၏ ရင်သွေးငယ်များကို မူးယစ်ဆေးဝါး၏ မကောင်းကျိုးများ ပြောဆိုဆုံးမရုံသာမက ယနေ့ခေတ်လူငယ်များ ရင်ဆိုင်နေရသည့်အခက်အခဲများ၊ စိတ်ပိုင်းဆိုင်ရာ မွန်းကျပ်မှုများနှင့် ခံစားမှုများကို လူကြီးမိဘများက နားလည်မှုရှိရှိ မျှဝေသိရှိနိုင်မှသာ မူးယစ်ဆေးကဲ့သို့သော မကောင်းသည့်ထွက်ပေါက်များ၊ ရှာဖွေမှုများ လျော့နည်းသွားမည်ဖြစ်သည်။

မူးယစ်ဆေးသုံးစွဲသူများအနေဖြင့် မိမိတို့ကိုယ်တိုင် မူးယစ်နွံထဲမှ ရုန်းထွက်လိုသော်လည်း မူးယစ်ဆေးဖြတ်ပြီးနောက်ပိုင်း ရုပ်ပိုင်းဆိုင်ရာကုသမှုများကိုသာ ဆောင်ရွက်ပြီး စိတ်ပိုင်းဆိုင်ရာကုသမှုမပြုလုပ်သည့်အတွက် ယခင်အသိုင်းအဝိုင်းနှင့် ပြန်လည်တွေ့ဆုံပါက ပြန်လည်သုံးစွဲမိသည့်အဆင့်သို့ ရောက်ရှိသွားသည်ကို မကြာခဏတွေ့ရသည်။ ထို့ကြောင့် မူးယစ်ဆေးဖြတ်ထားသည့်၊ မူးယစ်ဆေးဖြတ်လိုသည့် သူများကိုလည်း မိသားစုက ပစ်ပယ်မထားဘဲ ဂရုတစိုက်ဖေးမလျှင် မူးယစ်ကင်းစင်ပြီး လှပသောလူမှုဘဝများကို ပိုင်ဆိုင်နိုင်မည်မှာ အသေအချာပင်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးကင်းစင်ရေးသည် တစ်နိုင်ငံလုံး၏ အရေးဖြစ်၍ နိုင်ငံသားတိုင်း ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ သို့မှသာ လူသားများ၏ဘဝသစ်လွင်၍ နိုင်ငံကို အလှဆင်နိုင်မည်ဖြစ်ပါသည်။ လူ့ဘောင်တစ်ခုလုံးကို ပျက်ပြုန်းစေနိုင်သော မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံသားတိုင်း၊ ကမ္ဘာသူ ကမ္ဘာသားတိုင်းက စုပေါင်းလက်တွဲ တွန်းလှန်တိုက်ဖျက်သင့်ပါသည်။ မူးယစ်ဆေးဝါးပြဿနာကို ကျန်းမာရေးရှုထောင့်မှ ရှုမြင်သုံးသပ်ပြီး ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကြရန် လိုအပ်သလို ဥပဒေပြုရေးနှင့် တရားစီရင်ရေးအပိုင်းများတွင်လည်း ယခုထက် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ယာယီဝန်ထမ်းအိမ်ရာ(၁)အတွင်း၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က အမှာစကားပြောကြားပြီး ယာယီဝန်ထမ်းအိမ်ရာ(၁) အတွင်းရှိ သတ်မှတ်နေရာ၌ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများက ယာယီဝန်ထမ်းအိမ်ရာ(၁)အတွင်းနှင့် သုခမိန်လမ်းဘေးဝဲ/ယာတို့တွင် ကံ့ကော်၊ အုန်း၊ ခရေ၊ ပျဉ်းမနှင့် ယမနေ စသည့်အရိပ်ရနှစ်ရှည်ပင်များ၊ သရက်၊ အုန်း၊ ပိန္နဲ စသည့် သီးပင်စားပင်များ၊ စက္ကူပန်းပင်၊ နွယ်သာကီစသည့်ပန်းအလှပင်များနှင့် ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်-မန္တလေးအမြန်လမ်းရှိ သစ်တောစိုက်ခင်းများနှင့် ပျိုးဥယျာဉ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပဲခူး ဇွန် ၂၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် ယနေ့တွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၄၆/၀) မိုင် ဝါးကတုတ်ပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် ဖြန့်ဝေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။



ထို့နောက် ရန်ကုန်-မန္တလေးအမြန်လမ်း တစ်လျှောက်ရှိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်း စိုက်ပျိုးထားသော တစ်အုပ်တစ်မ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တစ်ပင်စိုက်တစ်ပင်ရှင်သန်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊ သေပင်ဖာထေးခြင်းလုပ်ငန်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရန်၊ ရာသီအလိုက် ဆောင်ရွက်ရမည့် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်၊ ကျေးရွာချင်းဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်းများ၏ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးနှင့် ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မယ်လမုစေတီတော်ဝင်းအတွင်း သတ်မှတ်ချက်များနှင့်အညီ ဈေးရောင်းချမှုရှိစေရေး အသိပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်ဝင်းအတွင်း ဈေးဆိုင်ရောင်းချသူများအား သတ်မှတ်ချက်များနှင့်အညီ ရောင်းချမှုရှိစေရေး အသိပညာပေးဆွေးနွေးခြင်းကို ဇွန် ၂၅ ရက်က စေတီတော်အတွင်း မူလ(ဓမ္မာရုံ)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက စေတီတော်ကြီးအတွင်း ဈေးရောင်းချသူများက မိမိတို့၏ ဆိုင်အနီးပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရေး၊ သတ်မှတ်နေရာထက် ကျော်လွန်ရောင်းချမှုမရှိစေရေး၊ သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေး၊ ဘုရားဖူးပြည်သူများစိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး စသည်တို့ကို မှာကြားသည်။ ထို့နောက် ဈေးဆိုင်ရောင်းချသူများက ၎င်းတို့၏အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ လိုအပ်သည်များကို တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



# ရွှာင်မြို့နယ်၌ မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်



ရွှာင် ဇွန် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာတို့ ပေးအပ်ပွဲကို ဇွန် ၂၄ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပံ့ပိုးပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက တောင်သူများအား ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှု ကွင်းဆင်းကြည့်ရှု

အုတ်ဖို ဇွန် ၂၇

(၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ သမဝါယမကဏ္ဍမှ ဆောင်ရွက်သည့် မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစီမံကိန်း စိုက်ပျိုးနေမှုကို ဇွန် ၂၅ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

အုတ်ဖိုမြို့နယ်တွင် ထိုင်းနံ့ကောက်စပါးမျိုးဖြင့် မိုးစပါးစီမံကိန်း စိုက်ပျိုးထားသော အသင်းသား ၁၅၁ ဦးက လယ်ယာဧက ၁၈၀၀ အား ပန်းတိုင်အထွက်နှုန်းရရှိစေရန် စနစ်ကျသောစိုက်ပျိုးမှုဖြစ်စေရေးအတွက် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်သူ (အုတ်ဖို)



# လက်ပံတန်းမြို့၌ ရေဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်

လက်ပံတန်း ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မီးသတ်ဦးစီးဌာနက ရေဘေးအန္တရာယ်သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန် ၂၃ ရက် နံနက်ပိုင်းက တာဆိပ်ကျေးရွာအုပ်စု တာဆိပ်ချောင်း၌ ပြုလုပ်သည်။

ဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်နေမှုကို မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# ပြင်ဦးလွင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

ပြင်ဦးလွင် ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းတို့ကို ဇွန် ၂၄ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒု-လဝကမှူး ဒေါ်မျိုးမျိုးစိုးနှင့် အဖွဲ့ဝင်များက ကျောင်းသားကျောင်းသူ ၁၁၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်မာအနုညာတခုံသမာဓိများအဖွဲ့ မိတ်ဆက်ခြင်းနှင့် အနုညာတခုံရုံးသရုပ်ပြသ

ရန်ကုန် ဇွန် ၂၇

မြန်မာအနုညာတခုံသမာဓိများအဖွဲ့မိတ်ဆက်ခြင်းနှင့် အနုညာတခုံရုံးသရုပ်ပြသခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကုန်သည်/စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ (UMFCCI) Senior Executive Advisor ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ Senior Executive Advisor က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကာ မြန်မာ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာနဥက္ကဋ္ဌ မြန်မာအနုညာတခုံသမာဓိများအဖွဲ့၏ Founding Father ဖြစ်သူ ဒေါက်တာ မောင်မောင်သိမ်းက ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။




ယင်းနောက် သရုပ်ပြအနုညာတခုံရုံးနှင့် ပတ်သက်၍ ဦးအောင်မိုးသူက ဖတ်ကြားတင်ပြပြီး သရုပ်ပြအနုညာတခုံရုံးတွင် ပါဝင်ဆောင်ရွက်မည့်ပုဂ္ဂိုလ်များကိုမိတ်ဆက်၍ သရုပ်ပြအနုညာတခုံရုံး၏ အမှုကိစ္စရပ်များကို စတင်သရုပ်ပြဆောင်ရွက်ကြသည်။

ဆက်လက်၍သရုပ်ပြအနုညာတခုံရုံးနှင့်ပတ်သက်၍ ဒေါက်တာမောင်မောင်သိမ်းက အကျဉ်းချုပ်ရှင်းလင်းဆွေးနွေးပြီး ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပေးကြသည့် ကုမ္ပဏီများနှင့် ဘဏ်များအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထက(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၇ ရက် နံနက်ပိုင်းက ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ကျောက်ပန်းတောင်းမြို့နယ်၌ တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်

ကျောက်ပန်းတောင်း ဇွန် ၂၇

(၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာနက ခပေါင်းကုန်းကျေးရွာအုပ်စု ခပေါင်းကုန်းကျေးရွာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲကို ဇွန် ၂၆ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး စုဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာခြည်အေးက အမှာစကားပြောကြားပြီး ခပေါင်းကုန်းကျေးရွာ



စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူ ၅၈ ဦးတို့အား ဖြိုးမောက်ယူရီးယားဓာတ်မြေဩဇာ ၅၈ အိတ်ကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)



# ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ကျိုင်းတုံ ဇွန် ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်တွင်းအခွန်များဦးစီးဌာန၌ ဖုန်းနှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်းပွဲကို ဇွန် ၂၆ ရက်က ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များအကြောင်း၊ ဖုန်းနှင့်ဆက်စပ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များအား ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR)အကြောင်း သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ဖုန်းနှင့်ဆက်စပ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်ပြည်သူများက သိလိုသည်များမေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# မြဝတီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်

မြဝတီ ဇွန် ၂၇

မြဝတီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခြင်းအခမ်းအနားကိုဇွန် ၂၅ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်း



ကျောင်း၌ ကျင်းပသည်။

**ပေးအပ်**

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များမရှိသေးသည့် အသက် (၁၀) နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၄၇ ဦးတို့အား လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြသည်။

မြဝတီခရိုင်၌ ဇွန် ၃ ရက်မှစ၍ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၀၀၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



# လားရှိုးမြို့ မန်ဆူဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

လားရှိုး ဇွန် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မန်ဆူဈေး၌ ဇွန် ၂၆ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် စုပေါင်းမီးငြိမ်းသတ်ခြင်းများ၊ ဈေးသူ ဈေးသားများက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းများ၊ အရေးပေါ်လူနာကူညီကယ်ဆယ်ရေးနည်းလမ်းများကို လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ လူမော်(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်း

ကျိုက်မရော ဇွန် ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြွေဟောက်ကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။



ဦးစွာ ကျိုက်မရောမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်း မိတ်ဆက်ရှင်းလင်း ပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသား ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ **သုတ**

စာအုပ်စာပေ လူ့မိတ်ဆွေ ⬭ အလိမ္မာ စာမှာရှိ

# ဉာဏ်ရည်တုနည်းပညာအတွက် စိန်ခေါ်မှုများနှင့် ကျင့်ဝတ်၏အခန်းကဏ္ဍ

**မောင်မျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)**

> AI နည်းပညာသည် မည်မျှပင် အစွမ်းထက်စေကာမူ နောက်ဆုံးပိတ် ဆုံးဖြတ်ချက်ကို လူသားကသာ ထိန်းချုပ်ခွင့်ရှိရမည်ဖြစ်ပြီး ယင်း၏အကျိုးဆက်အားလုံးအတွက် ဖန်တီးသူနှင့် အသုံးပြုသူ လူသားများတွင်သာ တာဝန်ရှိပါသည်။ AI သည် ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဥပဒေကြောင်းအရရော ကိုယ်ကျင့်တရားအရပါ တာဝန်ယူနိုင်စွမ်းမရှိပါ။ ထို့ကြောင့် နိုင်ငံတကာ AI ကျင့်ဝတ်မူဘောင်များနှင့် စံနှုန်းများတွင် AI စနစ်များကြောင့် လူ့အဖွဲ့အစည်းအပေါ် သက်ရောက်လာမည့် ကောင်းကျိုး၊ ဆိုးကျိုးများအတွက် ယင်းကို ဒီဇိုင်းဆွဲတည်ဆောက်သူများနှင့် အသုံးပြုသည့် အဖွဲ့အစည်းများတွင် တာဝန်ခံမှုအပြည့်အဝရှိရမည်ဟု ပြဋ္ဌာန်းထား

ယနေ့ခေတ်တွင် ဉာဏ်ရည်တုနည်းပညာ AI (Artificial Intelligence) သည် လူသားတို့၏ လူမှုစီးပွားဘဝများကို အရှိန်အဟုန်ဖြင့် ပြောင်းလဲပေးနေသော အဓိကမောင်းနှင်အားဖြစ်လာသကဲ့သို့ တစ်ဖက်တွင်လည်း ဘက်လိုက်မှု၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်လုံခြုံမှုနှင့် ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ နည်းပညာဟူသမျှသည် သဘာဝအားဖြင့် အဖြူထည်သက်သက်သာဖြစ်သော်လည်း ယင်းကိုအသုံးချမည့် လူသားတို့၏ ကိုယ်ကျင့်တရားနှင့် တာဝန်ယူမှုအပေါ်မူတည်၍ ကောင်းကျိုး၊ ဆိုးကျိုး ကွဲပြားသွားရခြင်းဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နည်းပညာကုမ္ပဏီကြီးများက AI နည်းပညာကို လူသားဗဟိုပြု၍ ကျင့်ဝတ်နှင့်အညီ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံစံနှုန်းများကို ရေးဆွဲခဲ့ကြပါသည်။ ဤဆောင်းပါးတွင် UNESCO ၏ **“ကမ္ဘာလုံးဆိုင်ရာ အေအိုင်ကျင့်ဝတ် လမ်းညွှန်ချက်များ”**နှင့် လက်တွေ့သာဓကများအပေါ် အခြေခံ၍ AI နည်းပညာကိုမှန်ကန်သောလမ်းကြောင်းပေါ်တွင်ရှိနေစေရန် လူသားဗဟိုပြုထိန်းကျောင်းပေးမည့် **‘တာဝန်ယူမှုရှိသော AI’** ၏ အခြေခံမူများကို အချက်ငါးချက်ဖြင့် အနှစ်ချုပ် ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

## (၁) ဘက်လိုက်မှုကင်း၍ မျှတမှုရှိစေရမည်

AI နည်းပညာသည် ကမ္ဘာ့လူသားအားလုံးအပေါ် ဘက်မလိုက်ဘဲ ညီတူညီမျှရှိရမည်ဖြစ်ပါသည်။ AI ဆိုသည်မှာ လူသားတို့ပံ့ပိုးပေးသည့် အချက်အလက်များကို လေ့လာသင်ယူပြီးမှ ဆုံးဖြတ်ချက်ချသည့်စနစ်ဖြစ်ပါသည်။ AI စနစ်များတွင် ဘက်လိုက်မှုဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အချက်အလက်မမျှတမှု (သို့မဟုတ်) အချက်အလက်များ တစ်ဖက်စောင်းနင်းဖြစ်နေခြင်းကြောင့်ဖြစ်သည်။ AI ကို သင်ကြားပေးသည့် အချက်အလက်များထဲတွင် အုပ်စုတစ်စု၏ အချက်အလက်က အဆမတန်များပြားပြီး ကျန်အုပ်စုများ၏ အချက်အလက်က အလွန်နည်းပါးနေပါက စနစ်သည် တိကျမှန်ကန်မှုရှိနိုင်မည်မဟုတ်ပါ။

ဥပမာအားဖြင့် သစ်သီးများကို အလိုအလျောက် အမျိုးအစားခွဲခြားပေးသည့် AI စနစ်တစ်ခုတွင် ပန်းသီးပုံပေါင်းများစွာကို ထည့်သွင်းသင်ကြားပေးပြီး လိမ္မော်သီးပုံများကိုမူ အနည်းငယ်သာ ထည့်သွင်းလေ့ကျင့်ပေးထားပါက အဆိုပါ AI စနစ်သည် ပန်းသီးအကြောင်းကို ပိုမိုသိရှိနားလည်ကာ ပန်းသီးဘက်သို့သာ အလေးသာသွားပြီး လိမ္မော်သီးများကိုမူ မှားယွင်းစွာဆုံးဖြတ်မိမည်ဖြစ်ပါသည်။ အသုံးပြုအချက်အလက်များတွင် အမျိုးအစားအလိုက် ညီညွတ်မျှတစွာ အချိုးကျပါဝင်ခြင်းမရှိပါက AI သည် မှားယွင်းသောဆုံးဖြတ်ချက်များကို ချမှတ်မိပေလိမ့်မည်။

ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ AI ကျင့်ဝတ်လမ်းညွှန်ချက်များတွင် AI စနစ်များသည် လူမျိုး၊ ကျား/မ၊ ကိုးကွယ်သည့်ဘာသာ၊ အသက်အရွယ်၊ အသားအရောင်နှင့် ဆင်းရဲချမ်းသာ စသည်တို့အပေါ်တွင် ခွဲခြားဆက်ဆံခြင်းကင်းရန်နှင့် မျှတမှုရှိစေရန် လိုအပ်သည်ဟု ထည့်သွင်းသတ်မှတ်ထားခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ကမ္ဘာကျော် Amazon ကုမ္ပဏီသည် ဝန်ထမ်းသစ်ရွေးချယ်ရာ၌ အတိတ်က နည်းပညာလောကတွင် အမျိုးသားဝန်ထမ်းများသာ များပြားခဲ့သည့် ဆယ်စုနှစ်တစ်ခုစာ ကိုယ်ရေးရာဇဝင်ဟောင်းများကိုသာ အခြေခံသင်ယူခဲ့သဖြင့် စမ်းသပ်အသုံးပြုခဲ့သည့် AI စနစ်က အမျိုးသားများကို ပိုမိုဦးစားပေးရမည်ဟု မှားယွင်းစွာမှတ်ယူကာ အမျိုးသမီးလျှောက်ထားသူများကို အလိုအလျောက် အမှတ်လျှော့ခဲ့သည့် ဖြစ်စဉ်တစ်ခုရှိခဲ့ဖူးပါသည်။ ဤဖြစ်ရပ်သည် AI ၏ ဘက်လိုက်မှုနှင့်ပတ်သက်၍ စိုးရိမ်စရာဖြစ်ရပ်မှန်တစ်ခု ဖြစ်ခဲ့ရပါသည်။

ထို့ကြောင့် လူသားများ၏ အလုပ်အကိုင်၊ ဘဏ္ဍာရေးနှင့် အခွင့်အလမ်းများကို တိုက်ရိုက်ဆုံးဖြတ်ပေးသည့် AI စနစ်များ၌ ဘက်လိုက်မှုလုံးဝကင်းစင်ဖို့ လိုအပ်ပါသည်။ နည်းပညာကုမ္ပဏီကြီးများဖြစ်သည့် Microsoft နှင့် Google တို့၏ AI အခြေခံမူများတွင်လည်း AI စနစ်တစ်ခုကို တည်ဆောက်ရာ၌ လူသားတို့၏ တန်းတူညီမျှပိုင်ခွင့်ကို အလေးထားရန်နှင့် မမျှတသောသက်ရောက်မှုများကို ကာကွယ်တားဆီးရန် ထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။

## (၂) ကိုယ်ရေးအချက်အလက်များ လုံခြုံမှုရှိစေရမည်

AI နည်းပညာသည် လူသားတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို စနစ်တကျ ကာကွယ်စောင့်ရှောက်မှုပေးရန် တာဝန်ရှိပါသည်။ AI စနစ်များ ပိုမိုထက်မြက်လာစေရန် လူသားတို့၏ နေ့စဉ်အသုံးအနှုန်းများ၊ တည်နေရာများ၊ ရှာဖွေမှုမှတ်တမ်းများနှင့် ဆေးမှတ်တမ်းများ စသည့် ကိုယ်ရေးအချက်အလက် မြောက်မြားစွာကို အသုံးပြု၍ လေ့ကျင့်ပေးရလေ့ရှိပါသည်။ ထိုသို့ အသုံးပြုရာတွင် အချက်အလက်များအား ကာယကံရှင်၏ ခွင့်ပြုချက်မရှိဘဲရယူခြင်း၊ လုံခြုံမှုမရှိဘဲ သိမ်းဆည်းခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်းများထံ တစ်ဆင့်ပြန်လည်ရောင်းချခြင်းမျိုး လုံးဝမရှိစေရပါ။ ထို့ကြောင့် နိုင်ငံတကာ AI ကျင့်ဝတ်မူဘောင်များနှင့် စံနှုန်းများတွင်လည်း လူသားတို့၏ ကိုယ်ရေးကိုယ်တာအခွင့်အရေးနှင့် အချက်အလက်စီမံခန့်ခွဲမှုစနစ်ကို အခြေခံအကျဆုံး အခွင့်အရေးတစ်ရပ်အဖြစ် အလေးအနက် ပြဋ္ဌာန်းထားပါသည်။

အကယ်၍ AI စနစ်များတွင် ကိုယ်ရေးအချက်အလက်လုံခြုံမှုကို အလေးမထားပါက လူ့အဖွဲ့အစည်းအတွင်းကြီးမားသောဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ပါသည်။ ဥပမာအားဖြင့် သန်းနှင့်ချီသော ဆိုရှယ်မီဒီယာသုံးစွဲသူတို့၏ ကိုယ်ရေးအချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ရယူကာ အခြားသောစီးပွားရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက်များတွင် အလွဲသုံးစားပြုလုပ်ခြင်း၊ နေ့စဉ်သုံး စမတ်ဖုန်းအက်ပလီကေးရှင်းများ (သို့မဟုတ်) မျက်နှာမှတ်မိစနစ်များက လူသားတို့ မသိလိုက်ဘဲ နောက်ကွယ်မှ အချက်အလက်များကို အမြဲမပြတ် စောင့်ကြည့်ရယူနေခြင်းမျိုးသည်လည်း လူသားတို့၏ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို ခြိမ်းခြောက်ရာရောက်ပါသည်။

ထို့ကြောင့် နိုင်ငံတကာအချက်အလက် ကာကွယ်ရေးစံနှုန်းများနှင့် AI ကျင့်ဝတ်စည်းမျဉ်းများတွင် လူသားတို့၏ အချက်အလက်များကို အလွဲသုံးစားမလုပ်ရန် တားမြစ်ထားပြီး မိမိတို့၏ အချက်အလက်များကို မည်သို့အသုံးပြုနေသည်ကို သိရှိပိုင်ခွင့်နှင့် လိုအပ်ပါက ပြန်လည်ဖျက်သိမ်းပိုင်ခွင့် (Right to be forgotten) ရှိရမည်ဟု သတ်မှတ်ထားခြင်းဖြစ်ပါသည်။

နည်းပညာကုမ္ပဏီကြီးများဖြစ်သည့် Microsoft နှင့် Google တို့၏ ကျင့်ဝတ်စံနှုန်းများတွင်လည်း AI စနစ်တစ်ခုကို တည်ဆောက်ရာ၌ အသုံးပြုသူများ၏ အချက်အလက်လုံခြုံရေးအတွက် ဆိုက်ဘာတိုက်ခိုက်မှုများမှ ကာကွယ်နိုင်မည့် လုံခြုံရေးစနစ်ကိုပါ တစ်ပါတည်း ထည့်သွင်းတည်ဆောက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ AI ၏ အောင်မြင်မှုသည် လူသားတို့၏ ယုံကြည်မှုအပေါ်တွင် မူတည်နေသဖြင့် ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ကာကွယ်ပေးခြင်းသည် AI ကျင့်ဝတ်၏ မရှိမဖြစ် အသက်သွေးကြောဖြစ်ပါသည်။

## (၃) ပွင့်လင်းမြင်သာမှုရှိစေရမည်

AI နည်းပညာသည် ယင်း၏ အလုပ်လုပ်ပုံနှင့် ဆုံးဖြတ်ချက်ချပုံများကို လူသားများ နားလည်အောင် ရှင်းလင်းစွာပြသနိုင်သည့် ပွင့်လင်းမြင်သာမှုရှိရပါမည်။ လက်ရှိခေတ်စားနေသော AI စနစ်အများစုသည် အချက်အလက်များကို မည်သို့တွက်ချက်ပြီး မည်သည့်အကြောင်းရင်းကြောင့် ယခုကဲ့သို့ ရလဒ်ထုတ်ပေးလိုက်သည်ကို ဖန်တီးသူလူသားကိုယ်တိုင်ပင် အဖြေရှာမရ ဖြစ်နေလေ့ရှိပါသည်။ ထိုသို့ လျှို့ဝှက်ဆန်းကြယ်နေခြင်းသည် နည်းပညာအပေါ် ယုံကြည်မှုကို ပျက်ပြားစေနိုင်သဖြင့် နိုင်ငံတကာ AI ကျင့်ဝတ်လမ်းညွှန်ချက်များတွင် AI ၏ ဆုံးဖြတ်ချက်များကို လူသားတို့နားလည်သဘောပေါက်အောင် ပြန်လည်ရှင်းပြနိုင်စွမ်းရှိရမည်ဟု အတိအလင်း အလေးပေးဖော်ပြထားပါသည်။

အကယ်၍ AI စနစ်များတွင် ပွင့်လင်းမြင်သာမှုမရှိပါက လူသားတို့၏ လူမှုစီးပွားဘဝများတွင် မတရားမှုများနှင့် ရင်ဆိုင်ရနိုင်ပါသည်။ ဥပမာအားဖြင့် အလုပ်အကိုင် လျှောက်ထားသူတစ်ဦးသည် ကုမ္ပဏီတစ်ခု၏ AI စနစ်ကြောင့် လူတွေ့စစ်ဆေးခွင့် ပယ်ချခံလိုက်ရသည်ဆိုပါစို့။ ထိုအခါ အဆိုပါ AI သည် မည်သည့်အချက်အလက် (ဥပမာ- လုပ်ငန်းအတွေ့အကြုံ မလုံလောက်ခြင်း)ကြောင့် ပယ်ချလိုက်သည်ကို ရှင်းလင်းစွာ အကြောင်းပြချက်မပေးနိုင်ဘဲ ရလဒ်သက်သက်သာ ထုတ်ပေးမည်ဆိုပါက လျှောက်ထားသူအတွက် နစ်နာနိုင်ပါသည်။ ထို့အတူ ဆေးရုံများတွင် AI က လူနာတစ်ဦးကို ရောဂါတစ်ခုရှိနေပါသည်ဟု ဆုံးဖြတ်လိုက်သည့်အခါ မည်သည့် ဓာတ်မှန်အချက်အလက်အရ (သို့မဟုတ်) မည်သည့် ရောဂါလက္ခဏာအရ ဆုံးဖြတ်သည်ကို ဆရာဝန်များက ပြန်လည်စိစစ်၍မရပါက လူနာ၏ အသက်အန္တရာယ်အတွက် အလွန်စိုးရိမ်စရာဖြစ်လာပါလိမ့်မည်။

ထို့ကြောင့် နိုင်ငံတကာ AI ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများတွင် လူသားများ၏ဘဝကို သက်ရောက်မှုရှိစေမည့် AI စနစ်များ၌ ၎င်းတို့၏ ဆုံးဖြတ်ချက်များကို လူသားတို့နားလည်အောင် ရှင်းပြရမည့် တာဝန်ရှိရမည်ဟု ထည့်သွင်းသတ်မှတ်ထားပါသည်။ ထို့အပြင် Microsoft နှင့် Google တို့၏ အခြေခံမူများတွင်လည်း AI စနစ်များကို တီထွင်ရာ၌ ဆုံးဖြတ်ချက်ချရသည့် လမ်းကြောင်းများကို လူသားများမြင်သာအောင် ပြုလုပ်ရမည်ဖြစ်ပြီး အသုံးပြုသူများအနေဖြင့် မိမိတို့အသုံးပြုဆက်ဆံနေရသည်မှာ လူသားမဟုတ်ဘဲ AI စနစ်တစ်ခုဖြစ်ကြောင်းကိုပါ ကြိုတင်သိရှိခွင့်ရှိစေရမည်ဟု လမ်းညွှန်ထားပါသည်။ AI သည် လူသားတို့၏ဘဝကို ကူညီပေးမည့် ကိရိယာတစ်ခုဖြစ်သည့်အတွက် ယင်း၏နောက်ကွယ်မှ လုပ်ဆောင်ချက်များသည် အမြဲတစေပွင့်လင်းနေရန် လိုအပ်ပါသည်။

## (၄) စိတ်ချဘေးကင်းမှုရှိစေရမည်

AI နည်းပညာသည် ကြိုတင်ခန့်မှန်းထားသည့်အတိုင်း တိတိကျကျ အလုပ်လုပ်ရမည်ဖြစ်ပြီး လူသားများနှင့် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်မဖြစ်စေဘဲ စိတ်ချဘေးကင်းမှုရှိရပါမည်။ AI စနစ်တစ်ခုသည် ပုံမှန်အခြေအနေတွင်သာမက မမျှော်လင့်ဘဲ ကြုံတွေ့ရမည့် အခြေအနေမျိုးစုံတွင်ပါ အမှားအယွင်းမရှိ ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတကာ AI ကျင့်ဝတ်လမ်းညွှန်ချက်များနှင့် စံနှုန်းများတွင် AI စနစ်များကြောင့် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားဘဝများတွင် ဘေးအန္တရာယ်မဖြစ်ပေါ်စေရန် စနစ်တကျ စမ်းသပ်စစ်ဆေးပြီးမှသာ အသုံးပြုရမည်ဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။

အကယ်၍ AI စနစ်များတွင် စိတ်ချဘေးကင်းမှုအားနည်းပါက လူသားတို့၏အသက်အန္တရာယ်ကို တိုက်ရိုက်ထိခိုက်စေနိုင်ပါသည်။ ဥပမာအားဖြင့် အလိုအလျောက်မောင်းနှင်သည့် စနစ်သုံးမော်တော်ကားများတွင် အသုံးပြုထားသော AI သည် လမ်းမပေါ်ရှိ အခြေအနေများကို မှားယွင်းစွာ တွက်ချက်မိပါက သို့မဟုတ် စနစ်ချို့ယွင်းသွားပါက ကြီးမားသော ယာဉ်တိုက်မှုများဖြစ်ပွားပြီး လူ့အသက်ပေါင်းများစွာ ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဆေးရုံများတွင် လူနာများကို ဆေးညွှန်းပေးသည့် AI စနစ်က အချက်အလက်အမှားတစ်ခုကြောင့် လူနာနှင့်မတည့်သည့်ဆေးဝါးများကို မှားယွင်းညွှန်းဆိုမိပါက အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေမျိုး ကြုံတွေ့ရနိုင်ပါသည်။ ထို့ကြောင့် AI စနစ်များကို မသမာသူများက ဝင်ရောက်စီးနင်းပြီး အများပြည်သူအန္တရာယ်ဖြစ်အောင် အလွဲသုံးစားမလုပ်နိုင်စေရန် ဆိုက်ဘာလုံခြုံရေးစနစ်ကိုပါ အထူးတင်းကျပ်စွာ တည်ဆောက်ထားရပါမည်။

ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ AI စည်းမျဉ်းစည်းကမ်းများနှင့် စံနှုန်းများတွင် လူသားတို့၏ အသက်အန္တရာယ်နှင့် တိုက်ရိုက်ပတ်သက်နေသော အလိုအလျောက် မောင်းနှင်သည့်စနစ်များ၊ လျှပ်စစ်နှင့် ရေပေးဝေရေးကဲ့သို့

စာမျက်နှာ ၁၂ သို့

# မြစ်ကြီးနားမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြစ်ကြီးနား ဇွန် ၂၇

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်သစ်တောဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ကျင်းပရာ မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ပလန(၁) မှ ပလန (၄)အထိ ငွေပျော်လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ၌ စုပေါင်းစိုက်ပျိုးကြသည်။



ဦးစွာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က ပလန (၃) အင်ကြင်းမြိုင်ကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းရှေ့၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာနေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အရိပ်ရအပင်ကြီးသစ်မျိုး ၁၃ မျိုး ပျိုးပင် စုစုပေါင်း ၂၀၀၀ ကို စုပေါင်း စိုက်ပျိုးပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




# ရန်ကုန်တိုင်းဒေသကြီး၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန် တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၆ ရက်က ၂၀၂၆ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ (World Refrigeration Day) အထိမ်းအမှတ် အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ အထိမ်းအမှတ်ဆောင်ပုဒ် "Cool Intelligence" "ခေတ်မီဆန်းသစ်အအေးပေး နည်းစနစ်၊ ဉာဏ်ပညာဖြင့် စွမ်းရည်မြှင့်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဗီဒီယိုပြသသည်။



ထို့နောက် တက်ရောက်လာသူများအား ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်စာအုပ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# စာကြည့်တိုက်မှူးများနှင့် AI ဟောပြောပို့ချမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

စာကြည့်တိုက်မှူးများနှင့် AI (Artificial Intelligence) ဟောပြောပို့ချမှုနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ပြုလုပ်ရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဌေးဌေးဆွေက အမှာစကားပြောကြားပြီး စာကြည့်တိုက်နှင့် သုတပညာ၊ ပညာရေးသုတေသနစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ပါမောက္ခ(ငြိမ်း) ဒေါက်တာထွန်းအောင်ကျော်က AI and its Usefulness ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆီမီယိုဒေသဆိုင်ရာ သမိုင်းရိုးရာဓလေ့ဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်လေးစိုးက မြန်မာနိုင်ငံ စာကြည့်တိုက်များအတွက် ဉာဏ်ရည်တုအသုံးပြုရေးဆိုင်ရာ မူဝါဒချမှတ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချကြသည်။

မွန်းလွဲပိုင်းတွင် စာကြည့်တိုက်မှူးများနှင့် AI (Artificial Intelligence) အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ စာကြည့်တိုက်မှူးများက အဖွဲ့များဖွဲ့၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မျိုးမင်းသူရ**



# စေတုတ္တရာမြို့နယ်၌ ကောက်ရိုးမှိုစိုက်ပျိုးခြင်း ဆောင်ရွက်



စေတုတ္တရာ ဇွန် ၂၇

မကွေး တိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် (၁၀၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၇ နာရီက မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်သမဝါယမအသင်းစုဝင်းအတွင်း၌ စနစ်တကျ ကောက်ရိုးမှိုစိုက်ပျိုးခြင်း လုပ်ငန်းကို ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်မှုကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြစံနှင့် မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဇင်ကြည်အောင်တို့က ဦးဆောင်၍ မြို့နယ်သမဝါယမအသင်းစု ဝင်းအတွင်း၌ ကောက်ရိုးမှိုများ စနစ်တကျ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**

❑ စာမျက်နှာ ၁၁ မှ

အခြေခံအဆောက်အအုံများတွင် အသုံးပြုရသည့် AI စနစ်များကို အထူးဂရုပြု စနစ်တကျစောင့်ကြည့်စစ်ဆေးရမည့်ကဏ္ဍများအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ Microsoft နှင့် Google တို့၏ AI အခြေခံမူများတွင်လည်း AI ကို အများပြည်သူထံ ချပြခြင်းမပြုမီဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို အကြိမ်ကြိမ် စမ်းသပ်စစ်ဆေးခြင်းနှင့် စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်းများပြုလုပ်ရန် လမ်းညွှန်ထားပါသည်။ AI နည်းပညာသည် မည်မျှပင် ထက်မြက်သည်ဟုဆိုစေကာမူ လူသားတို့အတွက် စိတ်ချဘေးကင်းရမှုမရှိပါက ယင်းသည် အကျိုးပြုကိရိယာတစ်ခု ဖြစ်မလာနိုင်ပေ။

**(၅) လူသားကသာ တာဝန်ခံမှုရှိစေရမည်**

AI နည်းပညာသည် မည်မျှပင် အစွမ်းထက်စေကာမူ နောက်ဆုံးပိတ်ဆုံးဖြတ်ချက်ကို လူသားကသာ ထိန်းချုပ်ခွင့်ရှိရမည်ဖြစ်ပြီး ယင်း၏ အကျိုးဆက်အားလုံးအတွက် ဖန်တီးသူနှင့် အသုံးပြုသူ လူသားများတွင်သာ တာဝန်ရှိပါသည်။ AI သည် ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဥပဒေကြောင်းအရရော ကိုယ်ကျင့်တရားအရပါ တာဝန်ယူနိုင်စွမ်းမရှိပါ။ ထို့ကြောင့် နိုင်ငံတကာ AI ကျင့်ဝတ်မူဘောင်များနှင့် စံနှုန်းများတွင် AI စနစ်များကြောင့် လူ့အဖွဲ့အစည်းအပေါ် သက်ရောက်လာမည့် ကောင်းကျိုး၊ ဆိုးကျိုးများအတွက် ယင်းကို ဒီဇိုင်းဆွဲတည်ဆောက်သူများနှင့် အသုံးပြုသည့်အဖွဲ့အစည်းများတွင် တာဝန်ခံမှု အပြည့်အဝရှိရမည်ဟု ပြဋ္ဌာန်းထားပါသည်။

အကယ်၍ လူသားတို့၏ ကြီးကြပ်မှုနှင့် တာဝန်ခံမှုအားနည်းပါက နည်းပညာအလွဲသုံးစားမှုများကို မထိန်းချုပ်နိုင်ဘဲ ဖြစ်သွားပါလိမ့်မည်။ ဥပမာအားဖြင့် AI ကို အသုံးပြု၍ လူတစ်ဦး၏ ရုပ်ပုံနှင့် အသံကိုတုပကာ ငွေကြေးလိမ်လည်သည့် ဖြစ်ရပ်များ (သို့မဟုတ်) လူမှုကွန်ရက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ ဖြန့်ဝေသည့်ဖြစ်ရပ်များ ပေါ်ပေါက်လာပါက **"AI က အလိုအလျောက် လုပ်ဆောင်သွားခြင်းဖြစ်သည်"** ဟု အကြောင်းပြ၍ မရနိုင်ပါ။ ယင်းစနစ်ကို မသမာသောရည်ရွယ်ချက်ဖြင့် အသုံးချသူ (သို့မဟုတ်)နည်းပညာကို ဘေးကင်းအောင် မထိန်းချုပ်နိုင်ခဲ့သည့် ထုတ်လုပ်သူကုမ္ပဏီများတွင်သာ တာဝန်ရှိပါသည်။

ထို့ကြောင့် နိုင်ငံတကာ AI ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများတွင် AI ၏ ဆုံးဖြတ်ချက်များကို လူသားက အချိန်မရွေး စောင့်ကြည့်စွက်ဖက်နိုင်ရမည်ဖြစ်ပြီး မှားယွင်းမှုရှိလာပါက မည်သူက တာဝန်ခံရမည်ဆိုသည်ကို ပြတ်သားစွာသတ်မှတ်ထားခြင်းဖြစ်ပါသည်။ Microsoft နှင့် Google တို့၏ အခြေခံမူများတွင်လည်း AI သည် လူသားတို့၏ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ကို မကျော်လွန်စေဘဲ လူသားဗဟိုပြု (Human-centric) သည့် နည်းပညာသာဖြစ်ရမည်ဟု လမ်းညွှန်ထားပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် ဖော်ပြခဲ့သည့် မျှတမှု၊ ကိုယ်ရေးအချက်အလက်လုံခြုံမှု၊ ပွင့်လင်းမြင်သာမှု၊ စိတ်ချဘေးကင်းမှုနှင့် လူသားဗဟိုပြု တာဝန်ခံမှုဟူသော အခြေခံမူ ငါးချက်သည် AI နည်းပညာကို မှန်ကန်သောလမ်းကြောင်းပေါ်တွင် ရှိနေစေရန် ထိန်းကျောင်းပေးမည့် မီးရှူးတန်ဆောင်များဖြစ်ကြပါသည်။ AI နည်းပညာသည် လူသားတို့၏ အနာဂတ်ကိုအကျိုးပြုမည့် မိတ်ဆွေကောင်းဖြစ်လာရန် (သို့မဟုတ်) အန္တရာယ်ရှိသော စိုးမိုးသူဖြစ်လာရန်ဆိုသည်မှာ ၎င်းကို ကိုင်တွယ်အသုံးပြုမည့် လူသားတို့၏ ကိုယ်ကျင့်တရားနှင့် တာဝန်ယူမှုအပေါ်တွင်သာ လုံးလုံးလျားလျား မူတည်နေမည်ဖြစ်ပါတော့သည်။ ။

**ကိုးကား**


- Recommendation on the ethics of artificial intelligence. United Nations Educational, Scientific and Cultural Organization, UNESCO, (2021)
- Artificial intelligence at Google: Our principles, Google AI, (2018)
- Microsoft responsible AI standard, Version 2, Microsoft Corporation, (2022)
- Jeffrey Dastin, Amazon scraps secret AI recruiting tool that showed bias against women, Reuters, (2018, October 10)


❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ဩစတြေးလျအစိုးရက အသက် ၁၆ နှစ်အောက်ကလေးများကို ဆိုရှယ်မီဒီယာသုံးစွဲခွင့် တားမြစ်သည့်ဥပဒေ ပိုမိုအားကောင်းစေရန်စီစဉ်



ကင်ဘာရာ ဇွန် ၂၇

ဩစတြေးလျ အစိုးရက နိုင်ငံအတွင်း၌ အသက် ၁၆ နှစ်အောက် ကလေးများကို ဆိုရှယ်မီဒီယာသုံးစွဲခွင့် တားမြစ်သည့် ဥပဒေ ပိုမိုအားကောင်းစေရန် စီစဉ်နေကြောင်း ဩစတြေးလျ ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်က ပြောကြားခဲ့သည်။ ဩစတြေးလျလူငယ် အများအပြားက အဆိုပါကန့်သတ်ချက်ကို ရှောင်တိမ်းနေကြသည်ဟု သတင်းများ ထွက်ပေါ်နေချိန်တွင် အဆိုပါလှုပ်ရှားမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

ဥပဒေများကို တတ်နိုင်သမျှ ပိုမိုခိုင်မာစေရန် ပြုလုပ်လိုကြောင်းနှင့် ဥပဒေဆိုင်ရာ စိန်ခေါ်မှုများကို ခံနိုင်ရည်ရှိအောင် လုပ်ဆောင်လိုကြောင်း ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်က ပြည်တွင်းမီဒီယာများနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

ဆိုရှယ်မီဒီယာနှင့်ပတ်သက်ပြီး ပြင်းထန်သော တားမြစ်ချက် ထုတ်ပြန်ခြင်းအတွက် ဂုဏ်ယူကြောင်းလည်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ဩစတေးလျသည် လူငယ်များ၏ ဆိုရှယ်မီဒီယာသုံးစွဲခွင့်ကို တားမြစ်ပိတ်ပင်သည့် ပထမဆုံး နိုင်ငံ ဖြစ်လာခဲ့သည်။ အဆိုပါ ဥပဒေသည် Facebook၊ Instagram၊ TikTok နှင့် YouTube အပါအဝင် အဓိက လူမှုကွန်ရက် ၁၀ ခုကို ပစ်မှတ်ထားသည်။

သို့သော် သုတေသနအသစ်အရ အသက် ၁၂ နှစ်မှ ၁၅ နှစ်အကြား ကလေး ၈၅ ရာခိုင်နှုန်းသည် ဥပဒေစတင်အသက်ဝင်ပြီးနောက် သုံးလကြာသည့် အချိန်ထိတိုင် ဆိုရှယ်မီဒီယာကို ဆက်လက် အသုံးပြုနေကြဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။

လက်ရှိတွင် ဩစတေးလျ အစိုးရက ဆိုရှယ်မီဒီယာ အော်ပရေတာ Reddit သည် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲလျက်ရှိသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ဗီယက်နမ်က ယခုနှစ် ပထမခြောက်လအတွင်း ဆန်တန်ချိန် ငါးသန်းခန့်တင်ပို့ရန် မျှော်မှန်း

ဟန္နိုင်း ဇွန် ၂၇

ဗီယက်နမ်နိုင်ငံက ယခုနှစ် ပထမခြောက်လအတွင်း ဆန်တန်ချိန် ငါးသန်းခန့်တင်ပို့ရန်နှင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ယနေ့ သတင်းဖော်ပြခဲ့သည်။

အဆိုပါကာလအတွင်း ပို့ကုန်ပမာဏသည် တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားပြီး ဈေးနှုန်းနိမ့်ကျခြင်းကြောင့် ပို့ကုန်တန်ဖိုး ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းမည်ဟု အစီရင်ခံစာက ဆိုသည်။

ကမ္ဘာ့ဆန်ဈေးကွက်သည် ပထဝီဝင်နိုင်ငံရေးအခြေအနေများကြောင့် ဆက်လက်ထိခိုက်နေပြီး ရောင်းလိုအားနှင့် ဝယ်လိုအားအပေါ် ဖိအားများရှိကာ ကုန်သွယ်မှုကို တွန်းအားပေးနေကြောင်း ဝန်ကြီးဌာနက ပြောသည်။

အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ ဖြေလျော့မှုသည် ကုန်သွယ်မှုလုပ်ငန်းများပြန်လည်ဦးမော့လာစေရန် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ရပြီး ကမ္ဘာ့စွမ်းအင်ဈေးကွက်သည် အပြည့်အဝပြန်လည်ကောင်းမွန်ရန် အချိန်ယူရဖွယ်ရှိကြောင်းလည်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

# ဗင်နီဇွဲလားနိုင်ငံ၌ အင်အားပြင်းငလျင်များ လှုပ်ခတ်၊ ၉၂၀ သေဆုံးပြီး ၃၃၆၀ ကျော် ဒဏ်ရာရ

ကာရာကတ် ဇွန် ၂၇

ဗင်နီဇွဲလားနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်သားများက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်တင်လျက်ရှိသည်။

ဗင်နီဇွဲလားနိုင်ငံ အနောက်မြောက်ပိုင်းတွင် ပြင်းအား ၇ ကျော်ရှိသည့် ငလျင်နှစ်ခု ဇွန် ၂၄ ရက် ညပိုင်းတွင် ဆက်တိုက်လှုပ်ခတ်ခဲ့သည်။

လက်ရှိအချိန်အထိ ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၉၂၀ သေဆုံးပြီး ၃၃၆၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဂျော့ရှ်ဒရီဂက်က အတည်ပြုပြော ကြားခဲ့သည်။

မြို့တော် ကာရာကတ်နှင့် အခြားနေရာများတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လူနေအိမ်များအပါအဝင် အဆောက်အအုံ ၃၈၃ လုံး ဆိုးရွားစွာ ပျက်စီးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်၊ မက္ကဆီကို၊ စပိန်နှင့် အခြားနေရာများမှ နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယာယီသမ္မတ ဒယ်လ်စီရိုဒရီဂွက်ဇ်က နိုင်ငံအတွင်း အရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားသည်။

ငလျင်ဗဟိုချက်သည် မြို့တော်ကာရာကတ်၏ အနောက်ဘက် ကီလိုမီတာ ၁၆၀ ခန့်အကွာတွင် ဖြစ်သည်။

ငလျင်သည် ကြီးမားသော ပျက်စီးဆုံးရှုံးမှုနှင့် အသေအပျောက်နှုန်း မြင့်မားဖွယ်ရှိကြောင်းနှင့် "အနီရောင်သတိပေးချက်" သို့မဟုတ် အဆိုးရွားဆုံးအဆင့်ဟု သတ်မှတ်ခဲ့သည်။

အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးဌာနက



ငလျင်ဗဟိုချက်မှ ကီလိုမီတာ ၃၀၀ အတွင်း ကမ်းရိုးတန်းဒေသများအတွက် ဆူနာမီ ခြိမ်းခြောက်မှုသတိပေးချက်ကို ကနဦးတွင် ထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် အန္တရာယ်မရှိကြောင်း ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၆-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၁၅ | ၃၇၇၀ | ၃၇၂၀ | ၃၆၃၀ | ၃၇၇၀ | ၃၇၈၅ | ၃၈၂၀ | ၃၇၀၀ | ၄၁၆၅ | ၄၀၉၅ | ၃၇၂၀ | ၃၈၇၅ | ၃၈၁၀ | ၃၇၇၀ | ၃၇၈၀ | ၄၁၁၀ |
| 95 Ron | ၃၆၉၅ | ၃၈၅၀ | ၃၈၀၀ | ၃၇၁၅ | ၃၈၅၅ | ၃၈၇၀ | ၃၉၀၅ | ၃၇၈၀ | ၄၁၅၀ | ၄၁၈၀ | ၃၈၀၅ | ၃၉၇၀ | ၃၈၉၅ | ၃၈၅၀ | ၃၈၆၀ | ၄၁၉၀ |
| HSD (500 ppm) | ၃၅၃၅ | ၃၆၀၀ | ၃၆၃၅ | ၃၅၅၀ | ၃၆၈၅ | ၃၇၀၀ | ၃၇၃၀ | ၃၆၁၅ | - | ၃၉၉၅ | ၃၆၃၅ | ၄၀၂၀ | ၃၇၂၀ | ၃၆၀၀ | ၃၆၉၅ | ၃၉၃၀ |
| HSD (50 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၉၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၈၅ | ၄၃၉၅ | ၄၂၇၅ | ၄၆၄၀ | ၄၆၇၀ | ၄၂၉၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၅၅ | ၄၅၈၅ |
| HSD (10 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၉၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၈၅ | ၄၃၉၅ | ၄၂၇၅ | | ၄၆၇၀ | ၄၂၉၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၅၅ | ၄၅၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၁၉ | ၃၅၂၁ |
| 95 Ron | ၃၅၀၀ | ၃၆၀၄ |
| HSD (500 ppm) | ၃၃၅၅ | ၃၄၅၁ |
| HSD (50 ppm) | ၃၉၇၇ | ၄၀၈၇ |
| HSD (10 ppm) | ၃၉၇၇ | ၄၀၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



# ကော့ကရိတ်မြို့၌ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ကော့ကရိတ် ဇွန် ၂၇

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်/မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့က ဦးစီးကျင်းပသော မြို့နယ်အဆင့် အလယ်တန်း ကျောင်းသား ကျောင်းသူများအတွက် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၆ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲကို မြို့ပေါ်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါဖြေဆိုနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် တာဝန်ကျဆရာ ဆရာမများက လိုက်လံကြည့်ရှုကြီးကြပ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုလက်ဆောင်များကို တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဇိနမာရ်အောင်စေတီအဝင် လုမ္ဗိနီအင်ကြင်းဥယျာဉ်လမ်းခင်းကုသိုလ်အတွက် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း ဒေသကြီး သာကေတမြို့နယ် ဇိနမာရ်အောင်စေတီအဝင် လုမ္ဗိနီအင်ကြင်းဥယျာဉ်လမ်းခင်း ကုသိုလ်အတွက် အလှူငွေပေးအပ်ပွဲနှင့် ရေစက်ချ မင်္ဂလာအခမ်းအနားကို ဇွန် ၂၅ ရက်က ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိ ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များက ဘဝတုသဗ္ဗမင်္ဂလံ စသော သုံးဂါထာတို့ကို ရွတ်ဖတ်ကြပြီးနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် အလှူရှင်များက ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် လမ်းခင်းကုသိုလ် အဖြစ်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ဆင်ဖြူတောင် ဆရာတော် ဘဒ္ဒန္တဂုဏိန္ဒက ယနေ့ကျင်းပပြုလုပ်သည့် လမ်းခင်းအလှူနှင့် စပ်လျဉ်း၍ မုဒိတာစကားချီးမြှင့်မိန့်ကြားသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ပါဠိတက္ကသိုလ် ညောင်တုန်းတိုက်နာယက စာချ လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသထံမှ ရေစက်ချတရားနာယူခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**



# လသာမြို့နယ်၌ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေး ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဇွန် ၂၅ ရက်က အထက-၁(လသာ) ဗဟိုစံပြခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ပြည်သူ့စကားဝိုင်း ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့်ဒေါ်အေးမြသဲဖြူတို့က အမှာစကားပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်း ခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လသာမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက ထပ်ဆင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့မရဲစခန်းမှ ဒုရဲမှူးအောင်ကိုကိုလတ်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများ၊ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးမျိုးသီဟကျော်က မူးယစ်ဆေးဝါးနှင့် ဆက်စပ်သော ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသုဝေက မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**

# ဒလမြို့နယ်ရှိ ပြည်သူလူထုအခြေပြု စေတနာ့ဝန်ထမ်းများအား မွမ်းမံသင်တန်းပို့ချ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဇွန် ၂၅ ရက်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း Hi-MNCH Project က ပြည်သူလူထုအခြေပြု စေတနာ့ဝန်ထမ်းများအား မွမ်းမံသင်တန်းပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်း၊ တွံတေးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုထွေး၊



Hi-MNCH Project မှ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး စေတနာ့ဝန်ထမ်းများအား သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



# မုံရွာပညာရေးဒီဂရီကောလိပ်၌ စားသုံးသူအသိပညာပေးဟောပြောပွဲကျင်းပ

မုံရွာ ဇွန် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မုံရွာပညာရေးဒီဂရီကောလိပ်၌ ကျင်းပရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီလာဝေက အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးထက်ဝင်းအောင်က စားသုံးသူများရသင့်ရထိုက်သော အခွင့်အရေးရှစ်ချက်နှင့် စားသုံးသူနစ်နာမှုများရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ စားသုံးသူအခွင့်အရေးများနှင့် နစ်နာဆုံးရှုံးမှုများအပေါ် ဌာနကဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် တိုင်ကြားမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက်တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများက သိလိုသည်များမေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မုံရွာ(ကိုယ်ပွား)**

# လေးမျက်နှာမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထွန်ယက်ထည့်သွင်းခြင်း ကွင်းသရုပ်ပြ

လေးမျက်နှာ ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထွန်ယက်ထည့်သွင်းခြင်းနှင့် အသိပညာပေး ကွင်းသရုပ်ပြခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မိုးထွန်းနှင့် ဝန်ထမ်းများက ဇွန် ၂၅ ရက်တွင် ပေါက်ကုန်းကျေးရွာမှ တောင်သူ ဦးကြည်မြင့်၏ လယ်မြေသုံးဧက၌ ကျင်းပသည်။

ဦးစွာ လေးမျက်နှာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်က တောင်သူများအနေဖြင့် မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်မှာကြားသည်။ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲတွင် လေးမျက်နှာမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းထက်သာ**





ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် မီးသတ်ဦးစီးမှူး ဦးဥက္ကာ ဦးဆောင်ပြီး သန္နမီးသတ်တပ်ဖွဲ့ဝင်များနှင့် သဘာဝဘေးကော်မတီဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဟင်္သာတအဝိုင်းနှင့် ပဒေသာဈေးတို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဇွန် ၂၅ ရက်က ဖြန့်ဝေစဉ်။

မိုးဟိန်းထက်

# ပျဉ်းမနားမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအုပ်စုမှ တောင်သူဒေါ်ခင်ဝင်း၏လယ်မြေ၌ စိုက်ပျိုးထားသည့် နွေစပါး GW-11 မျိုး ရိတ်သိမ်းခြင်းနည်းလမ်းသစ်ဖြင့် စံကွက်ရိတ်သိမ်းခြင်းကို ဇွန် ၂၅ ရက်တွင် ဆောင်ရွက်ရာ မြို့နယ်စံကွက်ရိတ်သိမ်းရေးအဖွဲ့နှင့်အတူ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ ပါဝင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် အစို ၁၄၈ ဒသမ ၃၉ တင်း (အခြောက် ၁၃၈ ဒသမ ဝ၈ တင်း) ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**



ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အထက(သံပုရာကုန်)ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဇွန် ၂၅ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်စဉ်။

ဇင်မင်းထိုက်(ပြန်ဆက်)




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံများအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီးမှုကို တွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၂၇

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံအလုံး ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၅ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## တောင်ကြီးမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဇွန် ၂၇

တောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ် ရှမ်းရိုးမမွေးမြူရေးဇုန်(၂) ရှင်းလင်းဆောင်ခန်းမ၌ ပြုလုပ်သည်။

ဇုန်အတွင်း ဥစားကြက် အကောင်ရေ ၄၈၆၉၅၀ မွေးမြူထုတ်လုပ်နေသည့် မွေးမြူသူ ၃၅ ဦးနှင့်တွေ့ဆုံ၍ ဇီဝလုံခြုံရေးဂရုပြုလိုက်နာရမည့် အချက်အလက်များ၊ မွေးမြူရေးခြံ ပီစီ(၅)ပုံစံဖြင့် စစ်ဆေးခြင်း၊ စစ်ဆေးရာတွင် ဥစားကြက်များ၏(သွေး၊ သောက်ရေ) နမူနာပစ္စည်းများ ဓာတ်ခွဲစစ်ဆေးခြင်း၊ ရှမ်းရိုးမမွေးမြူရေးဇုန်(၂)၏ မွေးမြူရေးမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားမှုအခြေအနေနှင့် နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့အပေါ် ဆွေးနွေးကြသည်။

ထို့နောက် ဇုန်အတွင်းရှိဥစားကြက်မွေးမြူရေးခြံအလိုက် ကွင်းဆင်း၍ မွေးမြူမှုအချက်အလက်စစ်ဆေးခြင်းနှင့် ဆဋ္ဌမအကြိမ်မြောက် ဓာတ်ခွဲနမူနာပစ္စည်းများ စနစ်တကျရယူခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## လပွတ္တာမြို့၌ မျိုးစေ့ချစိုက်ပျိုးကွင်းသရုပ်ပြပွဲ ကျင်းပ

လပွတ္တာ ဇွန် ၂၇

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာမြို့တွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန်ပျိုးဗန်းဖြင့် ပျိုးထောင်ခြင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းမြေမြှုပ်ခြင်း၊ ငွေနှင်းမှိုနှင့် ကောက်ရိုးမှို စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုး ကွင်းသရုပ်ပြခြင်း အခမ်းအနားကို ဇွန် ၂၄ ရက်က မြွေဟောက်ကျေးရွာအုပ်စု တောင်သူ ဦးမန်းဖြူ လယ်မြေ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုးက ပျိုးဗန်းဖြင့် ပျိုးထောင်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က သစ်စိမ်းမြေဩဇာထည့်သွင်းမြေမြှုပ်ခြင်းနှင့် မှိုစိုက်ပျိုးခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူများထံသို့ ငွေနှင်းမှိုနှင့် ကောက်ရိုးမှိုများကို ပေးအပ်ခဲ့ကာ လက်တွေ့သရုပ်ပြ စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## တန့်ယန်းမြို့နယ်၌ သွားနှင့် ခံတွင်းဆိုင်ရာများ ကွင်းဆင်းဆေးကုသပေး



တန့်ယန်း ဇွန် ၂၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးများက မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ဇွန် ၂၄ ရက်မှစတင်၍ သွားနှင့် ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သွားနှင့် ခံတွင်းဆိုင်ရာ ကျန်းမာရေး ကြည့်ရှုစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား သွားတု(အံကပ်) ပြုလုပ်ပေးခြင်းတို့ကို ဒေသခံပြည်သူ ၂၀၀ အား ဆောင်ရွက်ပေးလျက်ရှိပြီး ဇွန် ၂၆ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ထီမံကျေးရွာ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ ရေကြည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထူးနိုင်နှင့် တာဝန်ရှိသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)



အမှတ် (၁၅) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ(ကချင်) ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲအုပ်ဇာနည်စိန်အောင် ဦးဆောင်သည့်အဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စုပေါင်းရုံးဝင်း မနော ရွှေပြည်ခန်းမ၌ ဇွန် ၂၅ ရက်က ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောစဉ်။ ခရိုင်(ပြန်/ဆက်)

## ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ (၅၂) လမ်း (မဟာဗန္ဓုလလမ်းထောင့်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နှင့် themirror.npt@gmail.com သို့ လိပ်မူပေးပို့နိုင်ပါသည်။

## မွန်တိုင်းရင်းသားစာပေသင်ကြားခြင်းနှင့် မွန်အမျိုးသားပညာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

မော်လမြိုင် ဇွန် ၂၇

မွန်တိုင်းရင်းသားစာပေသင်ကြားခြင်းနှင့် မွန်အမျိုးသားပညာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး လုပ်ငန်းကော်မတီ (၁/ ၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၅ ရက်က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အတ္ထရုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက်လာသူများက စံပြမြို့နယ်များအဖြစ် မုဒုံ၊ သံဖြူဇရပ်၊ ချောင်းဆုံမြို့နယ်တို့တွင် မွန်တိုင်းရင်းသားစာပေကို Grade-4၊ Grade-5 သို့ တိုးမြှင့်သင်ကြားနိုင်ရေးအတွက် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ မွန်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မွန်ပြည်နယ် ပညာရေးမှူးရုံး၊ မွန်ပြည်နယ်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ မွန်ညီညွတ်ရေးပါတီ၊ မွန်ပြည်သစ်ပါတီနှင့် မွန်ပြည်နယ်မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

## သထုံမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းစစ်ဆေး

သထုံ ဇွန် ၂၇

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် တာဝန်ရှိသူများ ပူးပေါင်းကာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရှောင်တခင်စစ်ဆေး အသိပညာပေးခြင်းကို ဇွန် ၂၅ ရက်က ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမပေါ်၌ ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သထုံ)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ သထုံမြို့နယ်အတွင်း ဖြတ်သန်းသွားလာကြသည့် မော်တော်ယာဉ်၊ ဆိုင်ကယ်၊ သုံးဘီးယာဉ်တို့ကို သထုံမြို့ ရွှေစာရံစေတီနှင့် ပေါ်တော်မူကျေးရွာ ရွှေဆံတော်စေတီရှေ့တို့၌ ရှောင်တခင်စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိတ္ထီလာမြို့၌ ပန်းချီ၊ ကျပန်းနှင့် ပုံပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မိတ္ထီလာ ဇွန် ၂၇

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် အလွဲသုံးမှုနှင့် တရားမဝင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသည့် Grade – 11 ကျောင်းသူ မနှင်းရတနာအောင်က ကျပန်းစကားပြောစွမ်းရည်ပြသ ပြောကြားသည်။ ဆက်လက်၍ ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

## နောင်တရားမြို့၌ မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် စိုက်ပျိုးရေးသုံးကိရိယာများ ပေးအပ်

နောင်တရား ဇွန် ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့တွင် တောင်သူများအတွက် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်များအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် စိုက်ပျိုးရေးသုံး ကိရိယာများ ပေးအပ်ခြင်းကို ဇွန် ၂၄ ရက်က စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် နောင်တရားမြို့အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ထွေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးသူက မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်များအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် စိုက်ပျိုးရေးသုံး ကိရိယာများ ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်ပြီး မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက နောင်တရားမြို့ တီကျစ်ကျေးရွာအုပ်စု တောင်သူများအား ဓာတ်မြေဩဇာ/ သဘာဝမြေဩဇာ၊ စပါးမျိုးစေ့၊ နေကြာမျိုးစေ့၊ ကော်ဖီပျိုးပင်နှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိုးညိုမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိုးညို ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် တောင်ဇင်းကျေးရွာရှိ အထက(တောင်ဇင်း)ကျောင်းဝင်းအတွင်း၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၂၀၀ ခန့်က ကျွန်းပင် ၂၀၀၊ မန်ကျည်းရှားပင် ၂၀၀၊ ပျဉ်းကတိုး ၅၀၊ မဟော်ဂနီ ၅၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)



## အင်းစိန်မြို့နယ်၌ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

အင်းစိန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၄ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မာဝင်း၊ စာရေးဆရာမ တက္ကသိုလ် မြမဥ္စု၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ဆွေရီမြင့်၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်တို့က မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ၊ ယခင်နှင့်ယနေ့ခေတ် အမျိုးသမီးများ၏စွမ်းဆောင်ရည်များ၊ အခန်းကဏ္ဍများ၊ မြန်မာအမျိုးသမီးရေးရာအဖွဲ့ကြီးက အမျိုးသမီးတို့အရေးဆောင်ရွက်နေမှုများနှင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုများ လိုက်ပါဆောင်ရွက်နေမှုအခြေအနေများ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုပပျောက်ရေးများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

မိုးကုတ် ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ယနေ့နံနက် ၉ နာရီခွဲက ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

အခမ်းအနားသို့ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာစိုးမိုးအောင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ထို့နောက် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး Pfizer ကို မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသက် (၆၀) နှစ်အထက် ပြည်သူများအား ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေနီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရေတာရှည် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ရေနီမြို့ အထကတွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇွန် ၂၄ ရက်က ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုအခြေအနေများကို တောင်ငူခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသက်ခိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## မုံရွာမြို့တွင် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



မုံရွာ ဇွန် ၂၇

(၁၀၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးရုံးနှင့် မြို့နယ်ရုံးများမှဝန်ထမ်းများ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ အမှုဆောင်များက သတ်မှတ်နေရာအသီးသီးတွင် သရက်၊ ပိန္နဲ၊ မာလကာ၊ ဩဇာ၊ ခရေ၊ ကံ့ကော်စသည့်ပျိုးပင်စုစုပေါင်း ၆၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပေါင်းတည်၌ ၁၀ တန်းသွား မျိုးစေ့ချစက်ဖြင့် မိုးစပါး အစေ့ချစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

ပေါင်းတည် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဇွန် ၂၅ရက်က မြို့နယ်စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း (ဆွယ်)မှ ကျင်းပသည့် ၁၀ တန်းသွား မျိုးစေ့ချစက်ဖြင့် မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇျက်ကြီးကျေးရွာ တောင်သူ ဦးမင်းမင်း၏လယ်မြေ၌ ပြုလုပ်သည်။

ဦးစွာ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်နှင့်ကျေးရွာအုပ်စု စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ စိုက်ပျိုးမြေ၌ ရက် ၁၀၀ ဗီယက်နမ်မျိုးစပါးစေ့များကို



၁၀ တန်းသွား မျိုးစေ့ချစက်အတွင်း ထည့်သွင်းကာ စက်မှုလယ်ယာဝန်ထမ်းများက သရုပ်ပြစိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။

ရွှေသား(IPRD)



## သာပေါင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းပွဲ ကျင်းပ

သာပေါင်း ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လယ်တီကျေးရွာတွင် ယမန်နေ့နံနက်ပိုင်းက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းပွဲ ကျင်းပသည်။

**အမှာစကားပြောကြား**

ပုသိမ်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးနိုင်မော်လွင်နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်တို့က အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထယ်ထိုးထည့်သွင်းနေမှုအားကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဘားအံမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြော



ဘားအံ ဇွန် ၂၇

ကရင်ပြည်နယ် ဘားအံမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ဘားအံမြို့ နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ နယ်မြေခံယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ဒုရဲမှူးမောင်မောင်ကျော်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာသိမှတ်ဖွယ်ရာများ၊ လမ်းညွှန်အမှတ်အသားနှင့်ပတ်သက်၍ သိရှိလိုက်နာသင့်သည့်အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ဇင်လေး(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များထုတ်ပေးခြင်းကို ဇွန် ၂၅ ရက်က အထက(၁၆) ပုလဲခန်းမ၌ အင်းစိန်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဗိုလ်မြင့်နှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## ကျွန်းစုမြို့နယ်၌ မျိုးစပါးကွန်ပေါင်းဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေးအပ်

ကျွန်းစု ဇွန် ၂၇

တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာနက လယ်ဧက ၄၅၀ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မော်ဘီ (၃) မျိုးစပါး တင်း ၄၅၀၊ ကွန်ပေါင်း ၂၂၅ အိတ်နှင့် ပုလဲ(ယူရီးယား) အိတ် ၄၅၀ တို့ကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက ပဲယာကျေးရွာရှိ



တောင်သူဦးရေ ၈၅ ဦးအား ပေးအပ်သည်။

ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်စိမ့်ထွန်းက မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးသုံး သွင်းအားစုပစ္စည်းများကို ချေးမြှင့်ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထက်မြင့်(ကျွန်းစု)



မွန်ပြည်နယ် သထုံမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ(ဒုတိယအကြိမ်)ကို ဇွန် ၂၅ ရက်က ထောင်မှူးကျေးရွာ သုဓမ္မဝတီမြို့သစ်ရှိ ရန်ကုန်-ဘားအံ ကားလမ်းနံဘေး၌ ပြုလုပ်ရာ သထုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်လေးမိုးသူတို့က ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးအသင်းအဖွဲ့များနှင့် ပြည်သူများထံ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)

## ဖျာပုံမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



ဖျာပုံ ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှဦးဆောင်၍ ဖျာပုံပြည်သူ့ဆေးရုံကြီးတွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၂၇ ရက်က ဖျာပုံသံဃာ့ဆေးရုံ၌ ပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းရာသို့ ဖျာပုံခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဦးနှင့်အဖွဲ့ဝင်များ၊ ဖျာပုံပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းထွန်းဝင်းတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းကြသူများအား နွားနို့၊ ကြက်ဥ၊ ငှက်ပျောသီး၊ အချိုရည်၊ ဖြည့်စွက်အစားအစာများနှင့်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့**

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇွန် ၂၇**

၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် စာပေပညာတစ်ခုတည်းနှင့် မလုံလောက်ဘဲ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုသည့် ဗလငါးတန်စုံလင်ရန် လိုအပ်ကြောင်း၊ ယခုလို ပြိုင်ပွဲများမှ တစ်ဆင့် မိမိတို့နိုင်ငံအတွင်းသာမက အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာအဆင့်အထိ အဆင့်ဆင့် တက်လှမ်းနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ယခုလိုပြိုင်ပွဲများမှ တစ်ဆင့် ထူးချွန် ထက်မြက်သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ အားကစားသမားများကို ရွေးချယ်လေ့ကျင့်ပြီး လာမည့် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲများ ASEAN UNIVERSITY GAMES (AUG) တွင်လည်း နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ပြီး မိမိတို့ တက္ကသိုလ်၏ ဂုဏ်၊ နိုင်ငံ့ဂုဏ် ဆောင်နိုင်သူများအဖြစ် ပေါ်ထွန်းလာစေရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစား သမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲ(နှစ်ယောက်တွဲ) ဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် စစ်ကိုင်းတက္ကသိုလ်နှင့် ပခုက္ကူတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်း ငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ တက္ကသိုလ်ပေါင်းစုံဘောလုံး ပြိုင်ပွဲကို အောက်မြန်မာပြည် ဇုန် လေးဇုန်နှင့် အထက်မြန်မာပြည် ဇုန် လေးဇုန်တို့မှ အမျိုးသားအသင်း ရှစ်သင်း၊ အမျိုးသမီးအသင်း ငါးသင်း၊ ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသားအသင်း ရှစ်သင်း၊ အမျိုးသမီးအသင်း လေးသင်း၊ ဘော်လီဘော ပြိုင်ပွဲတွင် အမျိုးသားအသင်း ခုနစ်သင်း၊ အမျိုးသမီးအသင်း ခုနစ်သင်း၊ ပိုက်ကျော်ခြင်းတွင် အမျိုးသားအသင်း ၂၃ သင်းနှင့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ၁၅၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်စည်းဝေး

**ရန်ကုန် ဇွန် ၂၇**

၂၀၂၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရေးနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၆) ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေးတို့နှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက ဗီဒီယိုကွန်ဖရင့်ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အာကာ**



# ကြို့ပင်ကောက်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ကြို့ပင်ကောက် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၂၃ ရက်က မြို့နယ် မီတာ ၄၀၀ အားကစားကွင်းတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးထက်က ဘောလုံးပြိုင်ပွဲ စပေးဘောကိုကန်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဇွန် ၂၃ ရက်မှစပြီး ဘောလုံးအသင်းသုံးသင်းပတ်လည် လေးအုပ်စုယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

◆ **ကျောဖုံးမှ**

အဆိုပါပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် Esports အသင်း (Team Zanaka) သည် Honor of Kings (HOK)၊ PUBG Mobile (PUBGM)၊ Mobile Legends: Bang Bang (MLBB)၊ eFootball Mobile၊ eFootball Console စသည့် အားကစားနည်းငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"နိုင်ငံကိုယ်စားပြု Esports အသင်းအနေနဲ့ အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ဒေသတွင်းနိုင်ငံတွေမှာ အကြိုလက်ရည်စစ်ပွဲတွေကို အောင်မြင်ပြီးမှ အာရှပြိုင်ပွဲကို ဝင်ရောက်ခွင့်ရခဲ့ပါတယ်။ အသင်းအနေနဲ့ အားကစားနည်း ငါးမျိုးမှာ တကယ့်ထိပ်သီးနိုင်ငံတွေကို ကျော်ဖြတ်အောင်မြင်ပြီး အာရှပြိုင်ပွဲကို တက်လှမ်းနိုင်ခဲ့တာဖြစ်တဲ့အတွက် အာရှပြိုင်ပွဲမှာ ပြိုင်ဆိုင်မှု ပြင်းထန်မယ်လို့ ပြောရမှာပါ။ အထူးသဖြင့် မွန်ဂိုလီးယား၊ တရုတ်၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်းနဲ့ မလေးရှားနိုင်ငံတွေကို အထူးသတိထားပြီး ယှဉ်ပြိုင်သွားရဖို့ရှိပါတယ်။ ဘယ်လိုအခက်အခဲ ရှိပါစေ၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်မယ့် ဆုတံဆိပ်ရရှိအောင် အစွမ်းကုန် ကြိုးစားသွားမယ်လို့ အသင်းအနေနဲ့ ရည်မှန်းချက်ချထားပြီးဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် (MESF) ဥက္ကဋ္ဌ ဒေါက်တာ ကောင်းမြတ်စံက ပြောသည်။

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲကြီးကို ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့တွင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ Esports ကစားနည်း ၁၁ မျိုးအတွက် ဆုတံဆိပ် ၃၃ ခုကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်(MESF) အနေဖြင့် မြန်မာ့လက်ရွေးစင် Esports အသင်း(Team Zanaka)အား နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များ ဆွတ်ခူးရရှိနိုင်ရန် ကစားသမားများ၏ နည်းဗျူဟာပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတို့ကို အမြင့်ဆုံးအဆင့်သို့ ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**သတင်း-သစ္စာ(mna)၊ ဓာတ်ပုံ - ဇွဲမာန်**

❐ **စပိန်အသင်းမှ**

ကမ္ဘာ့ဖလား (၃၂)သင်းအဆင့်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ကိတ်ဗာဒီအသင်းဟာ ကမ္ဘာ့ဖလား (၃၂)သင်းမှာ လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

အုပ်စု(I)ရဲ့ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးဖြစ်တဲ့ နော်ဝေအသင်းနဲ့ ပြင်သစ်အသင်းတို့ပွဲစဉ်မှာတော့ ပြင်သစ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ပြင်သစ်အသင်းက နော်ဝေအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အုပ်စုပထမနေရာနဲ့ ကမ္ဘာ့ဖလား (၃၂)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

နော်ဝေအသင်းကတော့ ပြင်သစ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပေမယ့် ရမှတ်ခြောက်မှတ်စုဆောင်းနိုင်ခဲ့တာကြောင့် အုပ်စုဒုတိယနေရာနဲ့ ကမ္ဘာ့ဖလား (၃၂)သင်းအဆင့်ကို တက်လှမ်းခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

▼ **FIFA မှ**

တစ်သင်းလျှင် ပုံမှန်ကစားနေကျ ၁၁ ယောက်မဟုတ်ဘဲ ရှစ်ယောက်စီဖြင့် သတ်မှတ်ထားသော ကွင်းအရွယ်အစား 68m x 50m ၌ ကစားရမည်ဖြစ်သည်။ ပွဲတစ်ပွဲလျှင် မိနစ် ၂၀ နှစ်ပိုင်း ကစားရမည်ဖြစ်ပြီး ကစားသမားလဲလှယ်ခြင်းကို စိတ်ကြိုက်ပြုလုပ်နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်မှ ၃၁ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ၌ ၁၀ ရက်ကြာ ကျင်းပမည်ဖြစ်ပြီး ၂၀၁၁ ခုနှစ် သို့မဟုတ် ၂၀၁၂ ခုနှစ်တွင် မွေးဖွားသည့် လူငယ်ကစားသမားများဖြင့်သာ ဖွဲ့စည်းရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ပထမအဆင့် အုပ်စုခြေစစ်ပွဲတွင် ခြောက်သင်း သို့မဟုတ် ခုနစ်သင်းစီပါဝင်သော အုပ်စု ၃၂ စုခွဲကာ ပတ်လည်ကစားရမည်ဖြစ်ပြီး အသင်းအားလုံးသည် ဒုတိယအဆင့်သို့ ဆက်လက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် အုပ်စုပထမရသူများ၊ ဒုတိယရသူများအလိုက် သတ်မှတ်ထားသည့် Tier (အဆင့်) များခွဲကာ Knockout (ရှုံးထွက်) ပုံစံဖြင့် ကစားရမည်ဖြစ်သော်လည်း ရှုံးနိမ့်သော အသင်းများမှာလည်း ပြိုင်ပွဲမှ ထွက်ခွာရခြင်းမရှိဘဲ အခြားအဆင့်ရပ်တည်မှုအတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် တစ်သင်းလျှင် အနည်းဆုံး ခုနစ်ပွဲမှ ၁၀ ပွဲအထိ ကစားခွင့်ရရှိမည်ဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်း ပဏာမကစားသမား ရွေးချယ်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ထူးချွန်လူငယ်များ၊ ပါရမီရှင်ရွက်ပုန်းသီး လူငယ်များမကျန် စနစ်တကျ ရွေးချယ်မှုများ ပြုလုပ်မည်ဖြစ်ပြီး Scouting ပြုလုပ်ခြင်း၊ ကစားသမားရွေးချယ်ခြင်း အစီအစဉ်များကို ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် သုံးနှစ်တာအတွင်း မြန်မာ ယူ-၁၅ လိဂ်ပြိုင်ပွဲများအား ရန်ကုန်၊ မန္တလေး၊ တောင်ကြီးဇုန်များတွင် နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခု ၂၀၂၆ လိဂ်ပြိုင်ပွဲကိုလည်း ယခင်နှစ်ကထက် ပြိုင်ပွဲဝင်အသင်း ပိုမိုများပြားစွာဖြင့် ကျင်းပပေးလျက်ရှိသည်။ လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ လူငယ်ဘောလုံးပွဲတော်များ၊ Regional Football Training Center များ၊ အကယ်ဒမီများ၊ အခမဲ့ လူငယ်သင်တန်းများစသည်ဖြင့် Youth Football Development အား စနစ်တကျဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကမ္ဘာ့အဆင့် လူငယ်ဘောလုံးပွဲတော်ကြီးသည် မြန်မာ့လူငယ်ကစားသမားများအတွက် နိုင်ငံတကာအတွေ့အကြုံကောင်းများစွာ ရရှိစေမည့်အပြင် အနာဂတ် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲများအတွက်ပါ အရေးပါသည့် ခြေလှမ်းတစ်ရပ် ဖြစ်လာမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်

**၂၀၂၇ ပညာသင်နှစ်**

**ဒီပလိုမာသင်တန်းများ၊ မဟာဘွဲ့သင်တန်းများ နှင့် ပါရဂူဘွဲ့သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း**

၁။ (၂၀၂၇)ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(Online)<br>Diploma in Hospital Administration (Online) | (၉)လ |
| (ခ) | အာဟာရပညာဒီပလိုမာ<br>Diploma in Nutrition and Dietetics | (၉)လ |

**မဟာဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့<br>Master of Public Health (MPH) | (၁)နှစ် |
| (ခ) | ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့<br>Master of Hospital Administration (MHA) | (၁)နှစ် |
| (ဂ) | ဆေးပညာသင်ကြားရေးမဟာဘွဲ့သင်တန်း<br>Master of Medical Education (M.Med.Ed) | (၂)နှစ် |

**ပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)<br>Ph.D(Public Health) | (၃)နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

**(က) ဒီပလိုမာသင်တန်းများ**

**(က) (၁)ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ (Online) သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဘွဲ့(M.B.,B.S)(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၅)နှစ်ပြည့်ပြီးသူ၊ ၎င်း(၅)နှစ်တွင် ဆေးရုံလုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ (မြို့နယ်ဆေးရုံများနှင့်တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးမည်)။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၅) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**(က) (၂) အာဟာရပညာဒီပလိုမာသင်တန်း**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဘွဲ့(M.B.,B.S)(သို့မဟုတ်)မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့(B.N.Sc)(ပုံမှန်/ ပေါင်းကူး) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) (B.Comm.H) ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ပြည့်ပြီးသူနိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ [သူနာပြုသိပ္ပံဘွဲ့(B.N.Sc)(ပေါင်းကူး)(သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(B.Comm.H) ရရှိသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူဖြစ်ရမည်။]

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(၄) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**(ခ) မဟာဘွဲ့သင်တန်းများ**

**(ခ) (၁) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(MPH)သင်တန်း**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S) (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့(B.N.Sc)(ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့(B.Med.Tech) (သို့မဟုတ်) ဆေးဝါးသိပ္ပံဘွဲ့(B.Pharm) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(B.Comm.H) (သို့မဟုတ်) မြန်မာ့တိုင်းရင်း ဆေးပညာဘွဲ့(B.M.T.M) ရရှိထားသူများ လျှောက်ထားနိုင်သည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၅) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ရရှိပြီးနောက် သတ်မှတ်ထားသော ဦးစီးဌာနများတွင် အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

